ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၆) ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၈.၉၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၇-၉-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ UEHRD အစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေး။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဌင်းအတိုင်း။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ မြေစစ်ကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့်အစည်းအဝေးတက်ရောက်ရန်။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဌင်းအတိုင်း။ စခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဌင်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဗြိတိန်နိုင်ငံ အောက်စ်စဖို့ဒ် တက္ကသိုလ်၌ High-level Executive သင်တန်းတက်ရောက်ရန်။ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ငွေစာရင်းပူးပေါင်းအစည်းအဝေး တက်ရောက်ရန်။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဥပဒေကြမ်းပူးပေါင်းအစည်းအဝေး တက်ရောက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဥပဒေကြမ်းပူးပေါင်းအစည်းအဝေး တက်ရောက်ရန်နှင့် ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ဌင်းအတိုင်းတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမည့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ချင်းပြည်နယ်၊ ဖလမ်းမြို့၊ ဖလမ်းရာပြည့်ကွင်းအား Sport Complex အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းက ချင်းပြည်နယ်၊ ဖလမ်းမြို့၊ ဖလမ်းရာပြည့်ကွင်းအား Sport Complex အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဖလမ်းမြို့မှာ အရင်အင်္ဂလိပ်ခေတ်တုန်းက ဆိုရင် အားကစားအစုံလုပ်လို့ရတဲ့ အခြေခံအဆောက်အဦတွေ ရှိခဲ့ဖူးပါတယ်။ ရေကူးကန်ကအစ ပေါ့နော်။ ရေကူးကန်ဆိုရင်လည်း အခုဆိုရင် ပျက်စီးသွားပါပြီ။ ပြီးတော့ သူတို့လုပ်ခဲ့တဲ့ Tennis Court နဲ့ ကြက်တောင်ကွင်းတို့ဆိုရင်လည်း အခုလက်ရှိမှာတော့ မြို့လယ်ခေါင်မှာ ဖြစ်နေတဲ့အတွက်ကြောင့် ဒီနေရာကလည်း ဖလမ်းမှာဆိုရင် အထင်ကရအဆောက်အဦတွေ မရှိတဲ့အတွက်ကြောင့် Super Market ကဲ့သို့ ပေါ့နော် သို့မဟုတ် တကယ့် Hotel ကဲ့သို့ပေါ့။ အထင်ကရ အဆောက်အဦတစ်ခု ဆောက်လုပ်သင့်တဲ့နေရာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် လွှတ်တော်မှာ မေးမြန်းချင်တာကတော့ အခု ရာပြည့်အားကစားကွင်းမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ Sport Complex လုပ်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ အခုလက်ရှိ မြို့လယ်ခေါင်မှာရှိတဲ့ Tennis Court နဲ့ ကြက်တောင်ကွင်း တို့ကိုလည်း တခြားဒီထက်ပိုအရေးကြီးတဲ့ အခြေခံအဆောက်အဦတစ်ခုဆောက်ဖို့ အသုံးပြုလို့ရမယ်။ ပြီးတော့ ရေကူးကန်ကဲ့သို့ပေါ့နော်။ တခြားမရှိသေးတဲ့ဟာတွေလည်း ဆောက်ပေးမယ်ဆိုရင် ကျွန်တော်တို့ ဖလမ်းမြို့ကလည်း အများကြီး ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ ပြည်သူလူထုရဲ့ ကျန်းမာရေးပိုင်း

ဆိုင်ရာ အားကစားလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ရာပြည့် အားကစားကွင်းအား အားကစားအစုံလုပ်နိုင်တဲ့ Sport Complex အဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မိုင်းမောမြို့နယ်တွင် ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မိုင်းမောမြို့နယ်တွင် ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်အရ ဤမေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ် ပြည်သူလူထု လိုအပ်ချက်များအနက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသည် မရှိမဖြစ်အရေးပါလှသည့် ကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ခြင်းမရှိသဖြင့် မိုင်းမောမြို့နယ်မှ လူနာများသည် ဟိုပန်မြို့နယ်သို့ သွားရောက်ဆေးကုသမှုခံယူနေကြရပါတယ်။ အရေးပေါ်လူနာများနှင့် မွေးလူနာများ အတွက် အခက်အခဲများစွာ ရင်ဆိုင်ကြရပါတယ်။ မိုင်းမောမြို့နယ်သည် ခရိုင်အဆင့်အဖြစ် လူဦးရေ (၃၀၀၀၀)ခန့်ဝန်းကျင်နှင့် အိမ်ခြေ(၃၅၀၀)ခန့် တည်ရှိပါတယ်။

ကျန်းမာရေးဌာနအဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက ရေရှည်တွင်တိုးပွားလာမည့် လူဦးရေနှင့် အိမ်ခြေ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်သူလူထုအတွက်အာမခံချက်ပေးနိုင်သော (၁၆)ခုတင်ဆံ့ ဆေးရုံအဆင့်မျိုး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူလူထုကိုယ်စား ပြည်သူ့အစိုးရထံသို့ တင်ပြတောင်းခံလိုပါတယ်။ အောက်ပါမေးခွန်းများကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ်တွင် ပြည်သူလူထုတစ်ရပ်လုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည့် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ မည်သည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကိုလည်း သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့ရှိ ပြေးခုန်ပစ်အားကစားကွင်းနှင့် ဘောလုံးကွင်းအား ရာသီမရွေးအသုံးပြုနိုင်သော အားကစားကွင်း တစ်ခုအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က မွန်ပြည်နယ်၊ ရေးမြို့ရှိ ပြေးခုန်ပစ်အားကစားကွင်းနှင့် ဘောလုံးကွင်းအား ရာသီမရွေးအသုံးပြုနိုင်သော အားကစားကွင်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကို Power Point သုံးစွဲပြီး မေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

ယခုပုံမှာမြင်ရတဲ့ အနီရောင်ထောင့်ကွက်လေးက ရေးမြို့မှ အားကစားကွင်း ဖြစ်ပါတယ်။ ၁၉၆၉ ခုနှစ်၊ ရေးမြို့လုံးကျွတ် မီးလောင်ပြီးတဲ့အချိန်မှာ အားကစားကွင်းလုပ်မယ်ဆိုပြီးတော့ နေရာသတ်မှတ်ခဲ့တာကြောင့် လယ်တောဘဝကနေ အားကစားကွင်းဖြစ်ခဲ့ပါတယ်။ ဒါကိုပြုပြင်ပြီး ဘောလုံးပွဲကျင်းပတဲ့အခါ တစ်ပွဲလောက်ကစားလိုက်တာနဲ့ ကွင်းဟာထယ်ထိုးထားသလို ဗွက်ပြန်ထလာတာကြောင့် ကစားလို့မရတော့ဘဲ ဘောလုံးကွင်းဟာ တစ်စခန်းရပ်ခဲ့ပါတယ်။ အဲဒီအခါ တာဝန်ရှိသူတွေက ပုံမှာမြင်ရတဲ့ အဏ္ဏဝါရပ်ကွက်ဘက်မှာ ကွင်းသစ်တစ်ကွင်းကို ထပ်တည်ခဲ့ကြပြီးတော့ မိုးရာသီ ဘောလုံးပြိုင်ပွဲတွေကို ဆက်ပြီးတော့ ကျင်းပခဲ့ကြပါတယ်။ မြို့မအားကစားကွင်းကြီးကတော့ ကျွဲ၊ နွား စားကျက်ဘဝရောက်သွားပါတယ်။ ကွင်းအသစ်ကလည်း (၂)နှစ်တောင်မခံပါဘူး။ ရေးမှာ ခမရ(၃၄၃) တပ်ရင်းအသစ် တည်တဲ့အခါ အဲဒီကွင်းဟာ ကံမကောင်းစွာနဲ့ပဲ သိမ်းဆည်းမြေထဲပါသွားခဲ့ပြန်တာမို့ ရေးက ဘောလုံးဝါသနာရှင်တွေဟာ ဟိုးအရင် မြို့မီးမလောင်ခင်က ဇနီးဟောင်းဖြစ်တဲ့ အထက်တန်းကျောင်းဘေးက ပေမပြည့်တဲ့ကွင်းကလေးနဲ့ပဲ ပြန်ပေါင်းထုပ်ခဲ့ကြရပြန်ပါတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွေမှာ နိုင်ငံတကာမှာလို ပရိုပြိုင်ပွဲတွေ ခေတ်စားလာပြီး အစိုးရကလည်း အားပေးအားမြှောက်ပြုလာတဲ့အခါကျတော့ အိမ်ကွင်း၊ အဝေးကွင်းတွေ ဖြစ်လာပါတယ်။

အဲဒီအခါ ကျွန်တော်တို့ရဲ့ ပေမမီ၊ ဒေါက်မမီကွင်းက အိမ်ရှင်လုပ်ဖို့ အခက်တွေ့လာတော့ နွားစားကျက်ကို ဘောလုံးကွင်းပြန်လုပ်မယ်ဆိုပြီးတော့ ၂၀၁၀ ပြည့်နှစ်ဝန်းကျင်မှာ ပြန်ပြင်ကြပြန်ပါတယ်။ ဒါပေမဲ့ တစ်ပွဲ၊ နှစ်ပွဲကန်လိုက်တာနဲ့ ဘောလုံးပွဲမဟုတ်တော့ဘဲ ဗွက်လူးပြိုင်ပွဲ ဖြစ်သွားတာမို့ မိုးရာသီဘောလုံးပွဲတွေဟာ နှစ်စဉ်မလုပ်နိုင်တော့လို့ လူငယ်တွေရဲ့အားကစားအပေါ် စိတ်ဝင်စားမှုတွေလည်း လျော့ကျခဲ့ရပြန်ပါတယ်။ အဲဒါထက်ပိုဆိုးတာက တွင်ကျယ်လာတဲ့ မူးယစ်ဆေးဝါးနဲ့ အရက်ဘီယာဘက်ကို လူငယ်တွေ တစ်စတစ်စခြေဦးလှည့်သွားတာပဲ ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ရွေးကောက်ပွဲအစိုးရတွေ ဖြစ်လာတဲ့အခါမှာ ပြည်သူတွေရဲ့တောင်းဆိုမှုအရ ကွင်းပြင်ဖို့ရန်ပုံငွေတွေ တိုးပြီးတော့ ချလာပေးပါတယ်။ ဒါပေမဲ့ အဲဒီငွေတွေဟာ ကွင်းပြင်ဖို့ထက် အုတ်တံတိုင်းကာတာ၊

ပွဲကြည့်စင်ဆောက်တာလို နေရာတွေမှာ အသုံးများခဲ့လို့ မိုးတွင်းအခါ သုံးလို့မရပါဘူး။ ဒါက ရန်ပုံငွေချပေးတော့ ပြေးလမ်းတွေ၊ ကပ်တုံးတွေနဲ့ ပုံဖော်ထားတဲ့ ၂၀၁၃ ခုနှစ်က ပုံပါ။ ဒီပုံကိုကြည့်ရင် ကွင်းက ရှယ်ဖြစ်နေပါတယ်။ ဒါပေမဲ့ မြေပြင်မှာကစားမရတော့ ကွင်းကို ပစ်ထားပြန်တဲ့အခါ ၂၀၁၇ ခုနှစ်မှာ ဒီပုံပြန်ဖြစ်သွားပါတယ်။ ပွဲကြည့်စင်တော့ တိုးလာပေမယ့် အစောင့်မရှိတော့ ညပိုင်းဆို လူငယ်တွေအတွက် မူးယစ်ဆေးဝါး၊ အရက်သုံးစရာဂေဟာ ဖြစ်နေရပါတယ်။ မြို့ခံ ဘောလုံးဝါသနာရှင်တွေက နိုင်သလောက် ငွေစုထည့်ပြီး ပြုပြင်ထိန်းသိမ်းနေပေမယ့် ပမာဏကြီးပြီး မနိုင်တဲ့အခါ ကျွန်တော့်ကို အပူကပ်ကြပါတယ်။ ဒီပုံက Grand Stand ရဲ့ မျက်နှာစာ တောင်ကုန်းပေါ်က ရိုက်ထားတဲ့ ပုံဖြစ်ပါတယ်။ ဒီပုံကိုကြည့်ရင် ကွင်းဟာကောင်းနေသလို ထင်ရပါတယ်။ ဒါပေမဲ့ အခု လွှတ်တော် မလာခင်လေး ကွင်းထဲကို ဆင်းကြည့်လိုက်တဲ့အခါ ကွင်းဟာ ခြေကျင်းဝတ်လောက် ရေဝပ်နေပြီး မိုးအခါ ဘယ်လိုမှ ကစားလို့မရနိုင်ပါဘူး။ ဒီလို မြက်ရှင်းကြည့်လိုက်ပြီး ထားထားပြန်တော့လည်း ရေကဝပ်မြဲဝပ်နေတာမို့ စနစ်တကျ ပြုပြင်မှသာရမှာဖြစ်လို့ အခုလို အကူအညီတောင်းတဲ့မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

နွေအခါမှာ ပြိုင်ပွဲတွေကျင်းပနိုင်ပေမယ့် ရာသီဥတုပူပြင်းလို့ အဆင်မပြေပါဘူး။ ဒီပုံက ပြီးခဲ့တဲ့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေနဲ့ မြို့ပေါ်က ဘောလုံးဝါသနာရှင်လူဟောင်းကြီးတွေ ဦးစီးကျင်းပတဲ့ ဗိုလ်ချုပ်အောင်ဆန်းဖလား ဖိတ်ခေါ်ပြိုင်ပွဲ ဖြစ်ပါတယ်။ ဒီလူတွေ ခုလိုကြိုးစား လုပ်ပေးနေလို့လည်း ဒီနှစ်ခရိုင်အဆင့်မှာ ရေးမြို့နယ်အသင်းက ပထမ ရခဲ့ပါတယ်။ အခု Grand Stand က ရိုက်ထားတဲ့ပုံထဲမှာ မျက်နှာချင်းဆိုင်က တောင်ကုန်းကိုတွေ့ရမှာ ဖြစ်ပါတယ်။ တောင်ကုန်းကိုလည်း သဘာဝပွဲကြည့်စင်အဖြစ် ဖန်တီးလို့ရနိုင်ပါတယ်။ ကွင်းကိုသာ သုံးလို့ရအောင် ပြုပြင်ပေးမယ်ဆိုရင် အင်မတန် ပနံရလှပတဲ့ မြို့ကျက်သရေဆောင် အားကစားကွင်းတစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် မြို့တစ်မြို့ဖြစ်ပြီး လောက်လောက်လားလား အားကစားကွင်းတစ်ကွင်းတောင် မရှိတဲ့ မြို့တစ်မြို့အဖြစ် အမည်မတွင်စေလိုတဲ့အတွက်ကြောင့်လည်းကောင်း၊ ရေးမြို့ကလူငယ်တွေ အရက်နှင့် မူးယစ်ဆေးဝါးအစား အားကစားဘက်ကို ခြေဦးလှည့်လာကြစေလိုတဲ့အတွက်ကြောင့် တစ်ကြောင်း၊ ရှိသမျှခွန်အားနဲ့ ဖျစ်ညှစ်ရုန်းကန်ပြီး အနာဂတ်မျိုးဆက်အတွက် စေတနာအပြည့်နဲ့ ကြိုးစားပေးနေကြတဲ့ မြို့ခံဘောလုံးဝါသနာရှင် လူကြီးများနှင့် ဒီနှစ်မှာ ခရိုင်အဆင့် ဒိုင်းဆုကြီးကို ရယူပေးခဲ့တဲ့ ရေးမြို့နယ်က ဘောလုံးသမားများကို ဂုဏ်ပြုတဲ့အနေနဲ့လည်းကောင်း ရေးမြို့ အားကစားကွင်းကြီးကို အထူးသဖြင့် ဘောလုံးကွင်းကို ရာသီမရွေးအသုံးပြုလို့ရတဲ့ ကွင်းတစ်ကွင်းအဖြစ် အဆင့်မြှင့်တင်ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

၂၀၁၇ ခုနှစ်၊ မြင်ကွင်းပြပုံ (ဝ)




ဘောလုံးကွင်းအတွင်း မြက်ပင်ရှည်များကြား ရေဝပ်နေသည့် မြင်ကွင်းပုံ (ဝ-၁)




ပင်မ ဝင်ပေါက် မြင်ကွင်းပုံ (ဝ-၂)



**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင် အားကစားခန်းမ၊ ရေကူးကန်နှင့် မြို့ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင် အားကစားခန်းမ၊ ရေကူးကန်နှင့် မြို့ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ဆမီးမြို့၊ အားကစားခန်းမ၊ ရေကူးကန်နှင့် မြို့ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပလက်ဝမြို့နယ်၊ ဆမီးမြို့အတွင်းရှိ လူငယ်မောင်မယ်များဟာ အားကစားနည်းပညာများ သင်ယူနိုင်ရန် အဆောက်အဦများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်ယူရမည့်နည်းပညာများ ပြည့်စုံလုံလောက်မှုမရှိသည့်အတွက် မြို့နယ်အဆင့် ပြိုင်ပွဲများတွင်လည်း အောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိကြောင်းသိရှိရပါတယ်။ မြို့နယ်အဆင့်တောင် အောင်မြင်မှု မရဘူးဆိုရင် ပြည်နယ်ကိုယ်စားပြု၊ နိုင်ငံကိုယ်စားပြု အားကစားသမားများဖြစ်ဖို့ဆိုတာ အလှမ်းဝေးနေအုံးမှာဖြစ်ပါတယ်။ အားကစားခန်းမကို တည်ဆောက်ပေးပြီး ဝါသနာပါရာ အားကစားနည်းပညာများကို လုံခြုံစွာသင်ယူနိုင်မည်ဆိုပါက ထူးချွန်သော အားကစားသမားများ ပေါ်ပေါက်လာနိုင်မည်ဟု မျှော်လင့်သည့်အတွက် ဒေသခံပြည်သူများကိုယ်စား အားကစားခန်းမ တည်ဆောက်ပေးနိုင်ပါရန် တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။ ရေကူးကန်ဆောက်လုပ်ပေးမည်ဆိုပါကလည်း ကလေးသူငယ်များ၊ ဒေသခံပြည်သူများ လာရောက်အပန်းဖြေအနားယူနိုင်ပြီး ရေကူးနည်းပညာများကိုလည်း အန္တရာယ်ကင်းစွာ သင်ယူနိုင်မည်ဖြစ်ပါတယ်။ ကလေးသူငယ်များ၊ ဒေသခံပြည်သူများဟာ ဆမီးမြို့ အနီးမှ စီးဆင်းသော ဆမီးချောင်းနှင့် ဆမီးချောင်းရေအား အဓိကထား အသုံးပြုနေကြရပြီး မတော်တဆ ရေနစ်သေဆုံးမှုများ နှစ်စဉ်ကြုံတွေ့နေရပါသဖြင့် လုံခြုံစွာရေချိုးနိုင်ရန်နှင့် ရေကူးနည်းပညာများကို သင်ယူနိုင်ရန်အတွက် ရေကူးကန်တည်ဆောက်ပေးပါရန် ဒေသခံ ပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးမြို့ပေါ်ရှိပြည်သူများဟာ လူထုတွေ့ဆုံပွဲများ၊ နေ့ထူးနေ့မြတ်ပွဲများ ပြုလုပ်ရာတွင် မြို့ခန်းမဆောင် မရှိသည့်အတွက် ရပ်ကွက်အားကစားကွင်းနှင့် ဌာနဆိုင်ရာ အဆောက်အဦများကို ခွင့်တောင်းပြီး အသုံးပြု ပြုလုပ်နေကြရပါတယ်။ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် လူထုဗဟိုပြုစီမံကိန်းမှ ပံ့ပိုးငွေဖြင့် ကျေးရွာအုပ်စုခန်းမဆောင်များ ဆောက်လုပ်နေတာ လူထုတွေ့ဆုံပွဲများပြုလုပ်ရန် သွားရောက်စဉ်က တွေ့ရှိခဲ့ရပါတယ်။ မြို့ပေါ်တွင် ဧင်းထောက်ပံ့ငွေ

မရသည့်အတွက် နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက် ဆောက်လုပ်ပေးမှသာ မြို့ခန်းမအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ လက်ရှိ လိုအပ်လျက်ရှိသည့် မြို့ခန်းမအား ဆောက်လုပ်ပေးနိုင်ပါရန် ဒေသခံပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။ ဆမီးမြို့ပေါ်တွင် လိုအပ်လျက်ရှိသည့် အားကစားခန်းမ၊ ရေကူးကန်နှင့် မြို့ခန်းမ တည်ဆောက်ရန် လုံလောက်သောမြေနေရာရှိကြောင်း ဒေသခံများ၊ သက်ဆိုင်ရာများနှင့် တွေ့ဆုံစဉ်က တင်ပြပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင် အားကစားခန်းမ၊ ရေကူးကန်နှင့် မြို့ခန်းမ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အနောက်တောင်ဘက်၊ ဒုပြင်ရှည်ကျေးရွာအုပ်စု၊ ပအိုးသည်မကျေးရွာအုပ်စု၊ ဒုအိုးသည်မကျေးရွာအုပ်စု၊ ပြိုင်းတောင်ကျေးရွာအုပ်စု၊ ငလှမ်းပြင်ကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာအုပ်စု၊ ကွဲရိုင်းခတ်ကျေးရွာအုပ်စုတို့ရှိ ပြည်သူများကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန် ကွဲရိုင်းခတ်ကျေးရွာအုပ်စု၊ စက်ခေါ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အနောက်တောင်ဘက်၊ ဒုပြင်ရှည်ကျေးရွာအုပ်စု၊ ပအိုးသည်မကျေးရွာအုပ်စု၊ ဒုအိုးသည်မကျေးရွာအုပ်စု၊ ပြိုင်းတောင်ကျေးရွာအုပ်စု၊ ငလှမ်းပြင်ကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာအုပ်စု၊ ကွဲရိုင်းခတ်ကျေးရွာအုပ်စုတို့ရှိ ပြည်သူများကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန် ကွဲရိုင်းခတ်ကျေးရွာအုပ်စု၊ စက်ခေါ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အနောက်တောင်ဘက်၊ ဒုပြင်ရှည်အုပ်စု၊ ပအိုးသည်မအုပ်စု၊ ဒုအိုးသည်မအုပ်စု၊ ပြိုင်းတောင်အုပ်စု၊ ငလှမ်းပြင်အုပ်စု၊ ပေါက်တောအုပ်စုနှင့် ကွဲရိုင်းခတ်ကျေးရွာအုပ်စုများရှိ ပြည်သူများကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန် ကွဲရိုင်းခတ်အုပ်စု၊ စက်ခေါ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်

ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။ ဘူးသီးတောင်မြို့နယ်၊ ကွဲရိုင်းခတ်အုပ်စု၊ စက်ခေါ်ကျေးလက်ကျန်းမာရေးဌာနခွဲဟာ ဘူးသီးတောင်မြို့ရဲ့ အနောက်တောင်ဘက် မိုင်(၂၀)ခန့် အကွာမှာ တည်ရှိပါတယ်။ အဆင့်မြှင့် ကျေးလက်ကျန်းမာရေးဌာနကတော့ ညောင်ချောင်း ကျေးလက်ကျန်းမာရေးဌာနဖြစ်ပြီး (၆)မိုင်(၄)ဖာလုံခန့် ကွာဝေးပါတယ်။ ကျေးရွာအုပ်စု(၇)စုနဲ့ ကျေးရွာပေါင်း (၁၈)ရွာခန့်ရှိရာ ရခိုင်ရွာနှင့်ဘင်္ဂါလီရွာ ရောနှောလျက်ရှိပြီး လူဦးရေ(၇၀၀၀)ခန့် နေထိုင်လျက်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျေးရွာတွေဟာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လုံလောက်တဲ့ ဆေးဝါးစောင့်ရှောက်မှုများနဲ့ ကင်းဝေးလျက်ရှိကြတဲ့အတွက် ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိနေပါတယ်။ ဘင်္ဂါလီအကြမ်းဖက်မှုမဖြစ်မီကာလများမှာ UNHCR ဦးဆောင်တဲ့ နိုင်ငံတကာအဖွဲ့အစည်းများကတော့ ဘင်္ဂါလီကျေးရွာတွေမှာ အထူးအစီအစဉ်များချမှတ်ပြီး ဆေးဝါးကုသပေးခဲ့ကြပါတယ်။ ရခိုင်ရွာတွေကို ချန်လှပ်ထားခဲ့တာတွေ့ရပါတယ်။ ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေးမှာ ရေလမ်း၊ ကုန်းလမ်းသီးသန့်မရှိဘဲ ရေတစ်လှည့်၊ ကုန်းတစ်လှည့် လယ်ကွင်းများကို ဖြတ်သန်းသွားလာကြရပါတယ်။ အရေးပေါ်ကုသရမယ့်လူနာနဲ့ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များအတွက် အသက်ဘေးနဲ့ ရင်ဆိုင်ကြရပါတယ်။ အသက်ဆုံးရှုံးကြရပါတယ်။ ငွေကြေးမတတ်နိုင်သူများမှာ လက်သည်အမျိုးသမီးကြီးများနဲ့ ကလေးမွေးဖွားကြရပါတယ်။ အရပ်ဖက်ဆေးဆရာတွေနဲ့ ဆေးကုသနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မေးခွန်းမှာပါရှိတဲ့ ကျေးရွာအုပ်စု (၇)စုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ(၂)ခု ဖွင့်လှစ်ထားရှိပါတယ်။ ဖွဲ့စည်းပုံအရ ကျန်းမာရေးဝန်ထမ်း(၄)ဦး ခန့်ထားတာဝန်ချထားပါတယ်။ သားဖွားဆရာမ(၂)ဦးနှင့် ကျန်းမာရေးကြီးကြပ်(၂)ဦး ဖြစ်ပါတယ်။ တာဝန်ကျကျန်းမာရေးဝန်ထမ်းများမှာ နေထိုင်ရေးနဲ့ လုံခြုံရေးကို အကြောင်းပြပြီး တာဝန်ကျအပိုင်ရွာများမှာ အမြဲနေထိုင်လျက်မရှိဘဲ စီမံချက်ကိစ္စများဆောင်ရွက်ရန်နှင့် အစီရင်ခံရမည့်ကိစ္စများ ပေါ်ပေါက်မှသာ လာရောက်ပြီး ပြန်သွားကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ လူ(၁၀၀၀၀)မှာ ကျန်းမာရေးဝန်ထမ်း (၁၆)ဦးခန့်ရှိတယ်လို့ သိရသော်လည်း ရခိုင်ပြည်နယ်မှာ (၅)ယောက်သာရှိသဖြင့် ဒီဒေသမှာလည်း (၅)ယောက်နှုန်းသာ ခန့်အပ်ထားတာတွေ့ရပါတယ်။ ကျန်းမာရေးဝန်ထမ်းများမှာလည်း မိမိတို့ လုပ်ငန်းခွင်နိုင်နင်းတဲ့ အပိုင်ဧရိယာထက်ကျော်လွန်ပြီးတော့ တာဝန်ထမ်းဆောင်နေကြရပါတယ်။ အလုပ်လုပ်နေကြရတယ်။ အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်ကြရပါတယ်။

သို့ဖြစ်ပါ၍ ဒီဒေသအတွင်း ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အရည်အသွေးပြည့်မီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ဆောင်ရွက်ပေးနိုင်ရန် စက်ခေါ်ကျေးလက်ကျန်းမာရေးဌာနခွဲကို အဆင့်တိုးမြှင့်ဖို့ မေးမြန်းတောင်းဆိုရခြင်း ဖြစ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။
လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ၏ မေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ ဖလမ်းမြို့ ရာပြည့်ကွင်းအား Sport Complex အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ ရာပြည့်အားကစားကွင်းကတော့ မြေဧရိယာ (၅.၄၇)ဧကရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အမည်ပေါက်ဖြစ်ပါတယ်။ ဒီမြေဧရိယာပေါ်မှာ ၂၀၁၇-၂၀၁၈ ခုနှစ် ငွေလုံး ငွေရင်းစရိတ်မှ ကျပ်(၂၁၄)သိန်းဖြင့် မီတာ(၄၀၀) ပြေးလမ်း(၅)လမ်းပါ ဘောလုံးကွင်း (၁)ကွင်းကို ဆောက်လုပ်ပေးခြင်း၊ ပြေးလမ်း အတွင်း/အပြင် ကပ်တုံးပြုလုပ်ခြင်း၊ ပြေးလမ်း မြေညှိခြင်း၊ သဲခင်းခြင်း လုပ်ငန်းကို ကျွန်တော် လုပ်ခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြု ရန်ပုံငွေ ကျပ်(၂၇၀)သိန်းဖြင့် ပွဲကြည့်စင် (၆၀ x ၃၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ကျွန်တော် လုပ်ပေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှ ကျပ်(၇)သိန်းနဲ့ ဘောလုံးကွင်းရဲ့ Score Board တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းဆိုတဲ့ Sport Complex ဆိုတာက တော်တော်ဈေးကြီးပါတယ်။ ကျွန်တော်တို့ Sport Complex က နိုင်ငံကြီးတွေမှာတောင်မှ တစ်ခု၊ နှစ်ခုပဲရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဆိုလို့ရှိရင်လည်း နေပြည်တော်၊ လယ်ဝေးလောက်ပဲထား ပါတယ်။ Sport Complex ဆိုလိုတာကတော့ Sport Complex တစ်ခုမှာဆိုလို့ရှိရင် ပြေးခုန်ပစ် အားကစားကွင်းတွေရှိရမယ်။ ဘောလုံးကွင်းတွေရှိရမယ်။ ရေကူးကန်ရှိရမယ်။ အမျိုးမျိုးသော အားကစားများအတွက်လုပ်တဲ့ အားကစားရုံတွေရှိရပါတယ်။ အဲဒီတော့ ဒီလိုရှိမယ်ဆိုရင် ဥပမာအားဖြင့် ကျွန်တော်တင်ပြမယ်။ ကျွန်တော် ဝဏ္ဏသိဒ္ဓိ၊ နေပြည်တော်မှာရှိတဲ့ Sport Complex က ဧက (၆၀၃)ဧက အပေါ်မှာရှိပြီးတော့ တည်ဆောက်တုန်းက ဘီလီယံ(၁၅၀)ကျပ် ကုန်ခဲ့ပါတယ်။

ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတယ်။ အဲ့ဒီလောက်ကြီးတော့ ကျွန်တော်က မပြောပါဘူး။ သို့သော်လည်း မြို့နယ်အဆင့် Sport Complex လုပ်မယ်ဆိုရင်လည်း ဧက (၆.၄)ဧက လိုပြီးတော့ ကျပ်(၁၀၀၀)သန်းကုန်ပါမယ်။ အဲဒီတော့ မြို့နယ် A အဆင့်ဟာ လုပ်မယ်ဆိုလို့ရှိရင် ဒီမှာ အားကစားနည်း (၁၀)မျိုးလောက် ကျွန်တော်တို့ ပေးရပါတယ်။ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဂျူဒို၊ ဝူရှူး၊ ရိုးရာခြင်း၊ စားပွဲတင်တင်းနစ် ဒါတွေအကုန်ဆောက်ဖို့ ကျွန်တော် လုပ်ပေးရပါတယ်။ ဒီလိုလုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဒီဟာကို လောလောဆယ်ကတော့ ဘယ်လိုမှမတတ်နိုင်ပါဘူး။ လုပ်ပေးဖို့။ သို့သော်လည်း ကျွန်တော်

တို့က National Fitness ကိုသွားနေတဲ့အခါကျတော့ ဒီနေရာမှာ တောင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ ဆိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော်တို့ ချင်းပြည်နယ် ပြည်နယ်အားကစားမှူး ရှိပါတယ်။ သူနဲ့ညှိပြီး ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆွေးနွေးစေချင် ပါတယ်။ ကျွန်တော့်အနေနဲ့က ဘာကြောင့် အဲဒီလိုပြောရလဲဆိုတော့ ဒီနှစ်မှာ ကျွန်တော်တို့က အားကစားကို ကျွန်တော်တို့ ကျန်းမာရေးကနေ ဖဲ့ပြီးတော့ ကျပ်(၂၅.၅) ဘီလီယံလောက် အားကစား ထဲကို ကျွန်တော်တို့ ထည့်ပေးထားပါတယ်။ ဒီမှာလုပ်တဲ့အခါကျတော့ ဘာပြင်ဖို့လိုမလား။ ဒီအားကစား ကွင်းကို ပြင်ထိန်းနဲ့ပြင်ဖို့လိုမလား။ ဘာလိုလဲဆိုတာ လုပ်ပေးမယ်။

ထို့အပြင် ချင်းပြည်နယ် ဖလမ်းမြို့မှာရှိတဲ့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတုန်းက တင်းနစ်ကွင်းရှိပါတယ်။ ရေကူးကန်ရှိပါတယ်။ ကြက်တောင်ကွင်းရှိပါတယ်။ ဒါတွေကို ပြင်မယ်ဆိုလို့ ရှိရင်တော့ ကျွန်တော်တို့က ပြင်ထိန်းနဲ့ လုပ်ပေးတဲ့အပြင် တင်းနစ်ကွင်းမှာရှိတဲ့ Tennis Net တွေ ကြက်တောင်ကွင်းမှာ ကြက်တောင်ရိုက်တဲ့ Shuttlecock Racket ကအစ ကြက်တောင် Net တွေ ဘာတွေအကုန်လုံး ကျွန်တော် လုပ်ပေးပါမယ်။ ရေကူးကန်လည်း ပြင်လို့ရသေးတယ်ဆိုရင်တော့ ကျွန်တော်တို့ ပြင်တော့လုပ်ပေးပါမယ်။ ရေကူးကန်ပါ။ ရေကူးကန်မှာလည်း ပြင်တဲ့အခါတော့ (၂)မျိုး ရှိပါတယ်။ တကယ့်ကို နိုင်ငံခြားအဆင့်မီဆိုလို့ရှိရင်တော့ ပိုက်ဆံအရမ်းကုန်ပါတယ်။ ကျနိတဲ့ လွှတ်တော်မေးခွန်းမှာ ကျွန်တော်ဖြေပါတယ်။ အရမ်းများပါတယ်။ များသောအားဖြင့် ရေကူးကန် တွေက အပျော်ရေကူးကန်သဘောတွေရှိပြီးတော့ ရေလဲတဲ့စနစ် Automatic ရေလဲတဲ့စနစ်မပါဘဲနဲ့ ရေထုတ်စနစ်နဲ့ပဲ လုပ်ခြင်းရှိပါတယ်။ ကျွန်တော်ဆိုလိုတာကတော့ ကျွန်တော်တို့နိုင်ငံက National Fitness ပေါ့။ တစ်ပြည်လုံး ကျန်းမာရေးကို ဦးစားပေးနေတဲ့ခေတ် Exercise is Medicine ဖြစ်တဲ့ခေတ်မှာ ချင်းပြည်နယ် ဖလမ်းမြို့က ပြည်သူများအားကစားလုပ်ဖို့ ကျွန်တော် လုံးဝထောက်ခံ ပါတယ်။ ကျွန်တော် ထပ်ပြီးလိုတဲ့ အသေးစိတ်ကိုတော့ ပြည်နယ်ကျန်းမာရေး အားကစား ညွှန်ကြားရေးမှူးနဲ့ တိုင်ပင်ပြီး ကျွန်တော်တို့ ဆက်လုပ်ပေးပါမယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့က လုပ်ပေးချင်ပါတယ်။ အဲဒီတော့ ဘယ်လောက်ထိ လုပ်ပေးနိုင်တယ်ဆိုတာ ခုနကပြောတဲ့ ပြင်လို့ ရမလား။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ တင်းနစ်ကွင်းတွေ၊ ကြက်တောင်ကွင်းတွေ၊ ရေကူးကန်တွေပြင်လို့ရရင် ပြင်ထိန်းနဲ့ ကျွန်တော် ပြင်ပေးပါမယ်။ ကျွန်တော့်အနေနဲ့ ပထမမေးခွန်းကို အဲ့ဒီလောက်ပဲဖြေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ မိုင်းမောမြို့နယ်တွင် ၁၆ ခုတင်ဆံ့ဆေးရုံ ဆောက်လုပ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ ပါဝင်တဲ့ မိုင်းမောမြို့နယ်ရဲ့ လက်ရှိ အခြေအနေကတော့ "ဝ"ပြည်နယ် သွေးစည်းညီညွတ်ရေးပါတီအုပ်ချုပ်မှု အောက်မှာရှိပါတယ်။ မိုင်းမော မြို့မှာဆိုလို့ရှိရင် လူဦးရေ (၇၀၆၈၃)ဦးရှိပါတယ်။ ၂၀၁၄ ခုနှစ် စာရင်းအရ ရှိပါတယ်။ အရင်တုန်းက (၁၆)ခုတင်ဆံ့ မြို့နယ်ဆေးရုံ ဖွဲ့စည်းပုံအရတည်ရှိပြီး အခြားကျန်းမာရေးဌာနတော့ မရှိပါဘူး။ ကျွန်တော် ဒီမှာကြည့်တဲ့အခါမှာ ဘာသွားတွေ့ပါသလဲဆိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့

“ဝ”အထူးဒေသ(၂)မှာ မိုင်းမော ပြည်သူ့ဆေးရုံ (၁၆)ခုတင်ဆံ့ဆေးရုံကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးအစီအစဉ်အရ ၁၉၉၃ ခုနှစ်မှာ စတင်ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ကျွန်တော်တို့ ပေးလျက်ရှိပါတယ်။

ဒါပေမဲ့ ၂၀၀၉ ခုနှစ်မှာတော့ နယ်မြေအခြေအနေအရ ကျန်းမာရေးဝန်ထမ်းများ အဲဒီမှာ နေလို့မရတဲ့အတွက် ထွက်ခွာသွားရလို့ ဆေးရုံလုပ်ငန်းများ ဆောင်ရွက်လို့မရခဲ့ပါဘူး။ ၂၀၁၁ ခုနှစ် ကျတဲ့အခါကျတော့ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ထမ်းများ ကျွန်တော်တို့ မိုင်းမောမြို့ကို ပြန်လည်ရောက်ရှိချိန်မှာ ဆေးရုံအဆောက်အဦကို ကျွန်တော်တို့ ပေးလိုက်ရပါတယ်။ ဘယ်လိုပေး လိုက်ရလဲဆိုတော့ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနဲ့ ပညာရေးဝန်ထမ်းများရဲ့ စုပေါင်းအိမ်ရာအဖြစ် ကျွန်တော် ပေးလိုက်ရပါတယ်။ ၂၀၁၁ ခုနှစ်မှာ။ ၂၀၁၄ ခုနှစ်မှာတော့ မိုင်းမောမြို့ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းမှုအရ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနဲ့ မိုင်းမောဒေသ ကျန်းမာရေးအဖွဲ့များ ပူးပေါင်းပြီးတော့ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် ပြည်သူ့ ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီတော့ ၂၀၁၈ ခုနှစ်၊ မေလ ဒီနှစ် မေလမှာတော့ မိုင်းမောဒေသ ပြည်သူများအတွက် ကုသရေးဝန်ဆောင်မှုများကို ပိုမိုထမ်းဆောင်စေ ချင်တဲ့အတွက် ကျွန်တော်တို့ ကနဦးဘလူက ဆရာဝန်လင်မယားနှစ်ယောက်ကို ကျွန်တော် ပို့လိုက်ပါ တယ်။ မြို့နယ်ဦးစီးဌာနမှူးတစ်ဦးနဲ့ လက်ထောက်ဆရာဝန်တစ်ဦး ပို့လိုက်ပါတယ်။ ဒါပေမဲ့ သူတို့က သွားလို့မရတဲ့အတွက် သူတို့ကို လားရှိုးဆေးရုံမှာပဲ တွဲဘက်ထားရပါတယ်။ အဆိုပါ ဆရာဝန်များ မိုင်းမောဒေသတွင် နေထိုင်တာဝန်ထမ်းဆောင်ဖို့အတွက်ကိုလည်း ကျွန်တော် ဆက်လက်ပြီး အားမလျှော့သေးပါဘူး။

ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သောအဖွဲ့က ၁၃-၈-၂၀၁၈ ရက်နေ့မှ ၁၅-၈-၂၀၁၈ ရက်နေ့အထိ မိုင်းမောမြို့နယ်အပါအဝင် ပန်ဆန်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နမ့်တစ်မြို့၊ ဟိုပန်မြို့နယ်များသို့ သွားရောက်ပြီးတော့ “ဝ” ကျန်းမာရေးဌာနမှူးနဲ့ ဒေသတာဝန်ခံများနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ ကျွန်တော်တို့က “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီရဲ့ သဘော တူညီချက်ရမှ ဆက်လုပ်လို့ရပါတယ်။ သဘောတူညီချက်က ယခုအချိန်အထိ ဆွေးနွေးဆဲပဲရှိပါတယ်။ မရသေးပါဘူး။ အဲဒီတော့ မိုင်းမောဒေသမှာ ပြည်သူ့ဆေးရုံဆောက်လုပ်ရေးအတွက် မြေနေရာ (၁.၂)ဧက လျာထားသော်လည်း ကျွန်တော်တို့ အဲ့ဒီလောက်ထိတော့ မရှိပါဘူး။ ဒီမှာက မိုင်းမောမြို့ သည် တောင်တန်းထူထပ်သော မြေပေါ်မှာတည်ရှိခြင်း ပြည်သူ့ဆေးရုံဆောက်လုပ်ရန် သတ်မှတ် ဧရိယာ အကျယ်အဝန်းမပြည့်မီသော်လည်း ကျွန်တော်တို့က မြေရှားပါးမှုအရ ဒေသနှင့်လိုက်တဲ့ပုံစံ တည်ဆောက်ဖို့ ကျွန်တော်တို့ ဆောက်ပေးမှာပါ။ ဆောက်မယ်ဆိုရင် ပြည်သူ့ဆေးရုံ တည်ဆောက်မယ့် အခြေခံပုံစံနှင့် ဆေးရုံဆောက်လုပ်ခွင့်ကိုတော့ “ဝ” ဒေသအာဏာပိုင်များ ညှိနှိုင်းသဘောတူမှု ရဖို့ လိုပါတယ်။ ညှိထားပါတယ်။ ကျွန်တော်တို့ အဖြေမရသေးပါဘူး။ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းလမ်းညွှန်ချက်နှင့် လုပ်ငန်းစဉ်များ ဆောင်ရွက် နိုင်ရန် လိုအပ်လျက်ရှိပါတယ်။ အဲဒီတော့ မိုင်းမောမြို့နယ် ပြည်သူ့ဆေးရုံ တည်ဆောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ညှိနှိုင်းဆောင်ရွက်မှု ပြီးလို့ရှိရင်တော့ ကျွန်တော်တို့က နှစ်ရှည်

စီမံကိန်းထဲမှာ ထည့်ပေးပါမယ်။ ဒီနေရာမှာ တစ်ချက်ရှိတာက ကျွန်တော်တို့က (၁၆)ခုတင်ဆံ့ဆေးရုံ ဆောက်ပေးမယ်။

ဒါပေမဲ့ မိုင်းမောနှင့် သူ့ဘေးပတ်ဝန်းကျင်မှာရှိတဲ့ မြေပုံအရ ဒီဟာတွေရှိပါတယ်။ မိုင်းမောနှင့် ကပ်နေတဲ့နေရာမှာ ပန်ဆိုင်၊ နမ့်ခမ်း၊ ပန်ဆန်း၊ မက်မန်း၊ ဟိုပန် ရှိပါတယ်။ ဒီနေရာမှာလည်း မိုင်းမောမြို့နယ်နား ကပ်တာရယ်။ မိုင်းမောမြို့နယ်အတွင်းမှာ ဧရိယာက ဘယ်လောက် ကျယ်တယ်။ လူဦးရေက ဘယ်လောက်ရှိတယ်။ အရင်တုန်းက လူနာတွေက ဘယ်လောက်ရောဂါ အခြေအနေ ထူထပ်လဲ ဘယ်ရောဂါတွေဖြစ်သလဲ။ အဲဒါတွေ သိပြီးမှ (၁၆)ခုတင်ဆံ့ကို ဘယ်နေရာမှာဆောက်ဖို့ ဆိုတာ ကျွန်တော်တို့ စဉ်းစားရမှာဖြစ်ပါတယ်။ ပထမအချက်ကတော့ ဟိုဘက်က သဘောတူဖို့လိုပါတယ်။ သဘောတူရုံနဲ့ ဆေးရုံဆောက်လို့မရပါဘူး။ လုံခြုံရေးအရ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေကို လုံခြုံရေး လုံးဝရှိမယ်ဆိုမှသာလျှင် သူတို့တွေသွားပြီး တာဝန်ထမ်းဆောင်လို့ရမှာဖြစ်ကြောင်း ကျွန်တော်လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ၏ မွန်ပြည်နယ်၊ ရေးမြို့ရှိ ပြေးခုန်ပစ်အားကစားကွင်းနှင့် ဘောလုံးကွင်းအား ရာသီမရွေး သုံးနိုင်သော အားကစားကွင်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ဒီနေရာမှာဆိုလို့ရှိရင် ရာသီမရွေးကစားနိုင်တဲ့ ဘောလုံးကွင်းဆိုလို့ရှိရင်တော့ နံပါတ်(၁)က အားကစားကွင်းမှာ လေးဖက်လေးတန် ပွဲကြည့်စင်များ တည်ဆောက်ခြင်း၊ အားကစားကွင်း အတွင်း/အပြင်၌ ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့်အတူ ပြေးလမ်းကိုလည်း ကျွန်တော်တို့က Synthetic ပြေးလမ်းခင်းခြင်းကို ဆောင်ရွက်ပေးမှသာလျှင် ရာသီတစ်နှစ်ပတ်လုံးကစားနိုင်မှာဖြစ်ပါတယ်။ ဒီမှာ Synthetic ကွင်းကိုဆောက်မယ်ဆိုလို့ရှိရင်တော့ ကျပ်သန်းပေါင်း (၇၄၅)သန်း ကုန်ပါတယ်။ Synthetic ကွင်းတစ်ကွင်းကို ဒီမှာ ကုန်ကျစရိတ်ကလည်း ကျွန်တော်တို့ အတိအကျရှိပါတယ်။ Synthetic ပြေးခုန်ပြေးလမ်းတည်ဆောက်မယ်ဆိုရင် အမာခံကွန်ကရစ်ခင်းတာ အတွင်းရေနုတ်မြောင်း လုပ်ရမယ်။ အပြင်ကပ်တုံးတွေလုပ်ရမယ်။ အပြင်ပလက်ဖောင်းနဲ့ ရေနုတ်မြောင်း လုပ်ရမယ်။ ကတ္တရာ ကွန်ကရစ်ခင်းရမယ်။ Synthetic ပြေးလမ်းတွေလုပ်ရမယ်။ အတိအကျ ကျွန်တော်တို့ ရှိပါတယ်။ ဘယ်မှာပိုက်ဆံ ဘယ်လောက်ကုန်တာ။ ရိုးရိုးဘောလုံးကွင်း ဆောက်လုပ်မယ်ဆိုရင်တော့ ကျပ်(၂၅၀)သန်းလောက် ကုန်ပါတယ်။ ခုနက Synthetic ပြေးလမ်းပါတယ်ဆိုရင် ကျပ်(၇၄၅)သန်းကျပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါမှာ ရေးမြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီက အတည်ပြုထားတဲ့ ရေးမြို့နယ် အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ဖို့အတွက် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေရှိ၍ ကျပ်သန်း (၁၁၀)လျာထားပြီးဖြစ်ပါတယ်။ အဲဒီတော့ မွန်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုငွေ ကျပ်သန်း(၁၁၀)သာ ရမယ်ဆိုလို့ရှိရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ဒီဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဖြစ်တဲ့ (၁)ဘောလုံးကွင်းနှင့် ကွင်းနံဘေး တောင်နံရံအကြားတွင် စိမ့်ထွက်ရေကို ဖြတ်တောက်ရန်အတွက် ရေကြော ကျွန်တော်တို့ ဖြတ်ပြီးလုပ်ပေးပါမယ်။ ကွင်းမျက်နှာပြင်ကို ကျွန်တော်တို့ (၁)ပေမြှင့်ပြီးတော့ မြေသားမြှင့်ပြီးတော့ အပေါ်မျက်နှာပြင်ကိုလည်း သဲခင်းပြီးတော့

မြက်ခင်းစိုက်ပေးပါမယ်။ နံပါတ်(၃) အတွင်း/အပြင် ရေနုတ်မြောင်းများပြုလုပ်ခြင်းကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါတွေကိုတော့ ကျွန်တော်က လုပ်ပေးမယ်။ ကျပ်(၁၁၀)သန်းကလည်း ရဖို့အခြေအနေအများကြီးရှိပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ။ သို့သော်လည်း Synthetic ပြေးလမ်းကတော့ လောလောဆယ် ကျပ်(၇၄၅)သန်း ကုန်မှာဖြစ်တဲ့အတွက် ကျွန်တော် လုပ်လို့မရသေးဘူးဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ၏ မေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင် အားကစားခန်းမ၊ ရေကူးကန်နှင့် မြို့တော်ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ကတော့ မြို့နယ်ခွဲ ဖြစ်ပါတယ်။ အားကစားခန်းမ၊ ရေကူးကန်နှင့် မြို့တော်ခန်းမ ဆောက်လုပ်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအနေနဲ့ ကစားကွင်း၊ ကစားရုံများကို အသစ်တည်ဆောက်ခြင်း ပြုပြင်ရေးလုပ်ငန်းတို့ကို ဦးစားပေးမြို့နယ်အလိုက် ချင်းပြည်နယ်မှာ လုပ်ပေးပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ထည့်ထားပါတယ်။ အဲဒီတော့ ဆမီးမြို့ကတော့ ကျွန်တော်တို့ ပလက်ဝမြို့နဲ့ မိုင်(၃၀)ကွာဝေးပြီး မြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်နဲ့ လူ(၃၀၀၀)ဦးနေထိုင်ပါတယ်။ ကျွန်တော်တို့ စနစ်တကျလုပ်တဲ့အခါမှာ ကျွန်တော်တို့က မိုးလုံလေလုံအားကစားကွင်းတွေကိုတော့ ချင်းပြည်နယ်မှာရှိတဲ့ (၉)မြို့နယ်မှာ ကျွန်တော်တို့ ပြီးသွားပါပြီ။ ပြီးသွားတဲ့မြို့နယ်တွေကတော့ ဟားခါး၊ ဖလမ်း၊ မင်းတပ်၊ ပလက်ဝ၊ တွန်းဇံ၊ မတူပီ စတဲ့ မြို့ကြီး (၆)မြို့နယ်မှာ ပြီးသွားပါပြီ။ အဲဒီတော့ (၃)မြို့နယ် ကျန်ပါတယ် ချင်းပြည်နယ်မှာ။ အဲဒီတော့ ကန်ပက်လက်မြို့နယ်နှင့် ထန်တလန်မြို့နယ်များတွင်တော့ မိုးလုံလေလုံအားကစားကွင်း (၁၂၀ x ၉၀ x ၃၅)ပေအမြင့် တည်ဆောက်ရန်အတွက် ကျပ်သန်း(၂၅၀)စီ စုစုပေါင်းကျပ်သန်း(၅၀၀)ကို ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စုဘတ်ဂျက်မှာလည်း ထည့်ပြီးတော့ တင်ထားပါတယ်။ ရဖို့အခြေအနေလည်းရှိပါတယ်။ အခု ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြီးရင် ဒီပိုက်ဆံက ရဖို့သေချာသွားပြီ ထပ်ပြီးတော့ မဖြတ်တော့ဘူးလို့ကြားပါတယ်။ ကန်ပက်လက်နှင့် ထန်တလန် ကတော့ရမယ်။ ကျပ်(၂၅၀)သန်း ပေးထားပါတယ်။ အဲဒီတော့ တီးတိန်မှာ ကျန်နေတယ်။ တီးတိန်မှာ မိုးလုံလေလုံအားကစားကွင်း (၁၂၀ x ၉၀ x ၃၅ )ပေအမြင့် ဆောက်လုပ်ရန်အတွက် ကျပ်သန်း(၂၅၀)နှင့် ပွဲကြည့်စင်အသစ် (၈၀ x ၃၀)ပေ ဆောက်လုပ်ရန်အတွက် ကျပ်သန်း(၈၀)တို့ကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြသွားမှာဖြစ်ပါတယ်။

ဒါပေမဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ကျွန်တော်တို့ ပြည်ထောင်စုဘတ်ဂျက်ထဲမှာပဲ ဆမီးမြို့ ဘောလုံးကွင်းအသစ် ဖော်ထုတ်ခြင်း၊ ဂိုးတိုင်နှင့် Goal Score Board တပ်ဆင်ခြင်းအတွက် ငွေကျပ်(၂၅)သန်းကို ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ဒါလည်း ရဖို့ရှိပါတယ်။ ဆမီးမြို့မှာ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ရေကူးကန်တည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တစ်ပြည်လုံးမှာဆိုလို့ရှိရင်တော့ နိုင်ငံတကာအဆင့်မီ ရေကူးကန်ကတော့ ကျွန်တော်တို့မှာ နေပြည်တော်၊ ဦးဝိစာရ နဲ့ မြောက်ဒဂုံတို့မှာပဲ ရှိပါတယ်။ အပန်းဖြေ ရေကူးကန်တွေကတော့

ရှိပါတယ်။ ချင်းပြည်နယ်မှာ။ အပန်းဖြေရေကူးကန် အပန်းဖြေ ရေကူးလေ့ကျင့်နိုင်တဲ့ ရေကူးကန်များအနေနဲ့ ကျွန်တော်တို့ ဗမာပြည်မှာရှိတာကတော့ မြောင်းမြ၊ လှိုင်ကော်၊ ဟားခါးမြို့၊ ပလက်ဝမြို့၊ ရန်ကုန်နှင့် မန္တလေးသိပ္ပံတွေမှာ ထားပါတယ်။ နိုင်ငံတကာအဆင့်မီ မိုးလုံ လေလုံကွင်းတော့ ကျွန်တော်တို့ မလုပ်နိုင်ပါဘူး။ နိုင်ငံတကာ အဆင့်မီက ဒါ လွှတ်တော်ကိုယ်စားလှယ် သိအောင်သာ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ မိုးလုံလေလုံ ဒီဟာမျိုး ရေကူးကန်ဆောက်မယ်ဆိုရင်တော့ ငွေကျပ်(၂၃)ဘီလီယံ လောက်ကုန်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ပြိုင်ပွဲများလုပ်နိုင်တဲ့ ရေကူးကန်များဆိုရင်တော့ ကျပ်သန်းပေါင်း (၁၃၀၀)ကုန်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ Water Circulation ရေလဲစနစ်မပါဝင်တဲ့ အပန်းဖြေ ရေကူးလေ့ကျင့်နိုင်တဲ့ ရေကူးကန် အလျားမီတာ(၅၀)၊ အနံ(၁၀)မီတာ တည်ဆောက်မယ် ဆိုလို့ရှိရင်တော့ ကျပ်သန်း(၂၅၀) လောက်ကုန်ပါတယ်။ ဆမီးမြို့မှာ ရေကူးကန်တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော့် အနေနဲ့ ဟားခါးနဲ့ ပလက်ဝနှစ်မြို့နယ်မှာတော့ Water Circulation ရေလဲစနစ်မပါတဲ့ အပန်းဖြေ ရေကူးကန်များ ရှိပြီးဖြစ်ပါတယ်။ သို့သော် ဒါ တစ်ကယ့်တကယ် ကျန်းမာရေးအတွက်ကတော့ သိပ်မကောင်းပါဘူး။ Automatic ရေကို လုပ်တဲ့ဟာမျိုးဆိုရင် ပိုကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ လောလောဆယ် ပေးလို့မရသေးပါဘူး။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ အားကစား ခန်းမ၊ ရေကူးကန်၊ မြို့တော်ခန်းမ ဆောက်လုပ်ရေးနဲ့ပတ်သက်လို့ကတော့ ကျွန်တော့်အနေနဲ့ ဆမီးမြို့ မှာ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင်၊ ဦးစီးဌာနပိုင် အမည်ပေါက် မြေဂရန် မရရှိသေးတဲ့အပြင် ပလက်ဝမြို့မှာပါ အားကစားခန်းမနဲ့ ရေကူးကန်တို့ တည်ဆောက်ထားပြီးဖြစ်တဲ့ အတွက် ဆမီးကတော့ မြို့နယ်ခွဲဖြစ်တဲ့အတွက် လောလောဆယ်ကျွန်တော်တို့ မပေးသေးပါဘူး။ အဲဒီတော့ မြို့တော်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ သက်ဆိုင်ခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ချင်းပြည်နယ်မှာရှိတဲ့ အားကစားကွင်းတွေ အကုန်လုံး ရေကူးကန်အစ စာရင်းကတော့ ကျွန်တော်တို့ အတိအကျရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နောင်နှစ်များမှာ မရှိတဲ့ဥစ္စာကို ဘာလုပ်မယ်ဆိုတာ Planning ချပြီးတော့ တဖြည်းဖြည်း တစ်ဆင့်ချင်း တစ်ဆင့်ချင်း လုပ်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကွဲရိုင်းခတ်ကျေးရွာအုပ်စု၊ စက်ခေါ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေး ဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်ကိစ္စရပ်နှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ စဉ်းစားလိုက်တဲ့ အခါမှာ ယခင်စာရင်းဇယားအရ ယခုစာရင်းဇယားတော့ မရှိပါဘူး။ ဘင်္ဂါလီများ အခြားနိုင်ငံထွက်ခွာ သွားတဲ့အခါမှာတော့ ဒါတွေ တော်တော်နည်းသွားမှာပါ။ ယခင် စာရင်းဇယားအရဆိုရင်တော့ ကျေးရွာပေါင်း(၃၉၁)ရွာရှိပါတယ်။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်မှာ အိမ်ခြေပေါင်း(၃၀၀၃၈)အိမ် ရှိပါတယ်။ လူဦးရေပေါင်း (၂)သိန်းခန့်ရှိပါတယ်။ ကျွန်တော်တို့ ဘူးသီးတောင်မြို့နယ်မှာတော့ ကျွန်တော်တို့ဟာ တိုက်နယ်ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၆)ခု၊ ကျေးလက်

ကျန်းမာရေးဌာနခွဲ(၃၂)ခု၊ မိခင်ကလေးကျန်းမာရေးဌာန(၁)ခုနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းများအနေနဲ့ကတော့ ပြည်သူ့ကျန်းမာရေးကဏ္ဍ Public အတွက်ကတော့ လက်ထောက် ကျန်းမာရေးမှူး (၄)ဦး၊ မြို့နယ်သူနာပြုအဆင့်(၁)(၁)ဦး၊ ကျန်းမာရေးကြီးကြပ်(၁)(၄)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၄)ဦး၊ သားဖွားဆရာမ (၄၃)ဦး၊ ကျန်းမာရေးကြီးကြပ်(၂)(၄၆)ဦးနှင့် ပြည်သူ့ကျန်းမာရေး Public လုပ်ငန်းများကို စောင့်ရှောက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဘူးသီးတောင်မြို့နယ်၊ ကွဲရိုင်းခတ်အုပ်စု၊ စက်ခေါ် ကျေးလက်ကျန်းမာရေးဌာနခွဲဟာ ညောင်ချောင်းကျေးလက်ကျန်းမာရေးဌာန လက်အောက်တွင် ရှိပြီးတော့ ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ ကျွန်တော် အဆင့်မြှင့်လိုက်မယ်ဆိုလို့ရှိရင်တော့ ကျေးရွာပေါင်း(၂၄)ရွာ၊ လူဦးရေ(၉၀၀၀)ကျော်ကို ကျွန်တော်တို့ စောင့်ရှောက်လို့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ အဆင့်မြှင့်သင့်/ မမြှင့်သင့်ကို ကျွန်တော်တို့ Criteria (၅)ခု ရှိပါတယ်။ Criteria (၅)ခုနဲ့ ကြည့်တဲ့အခါမှာ အားလုံး (၅)ခုကို သူဝင်သွားပါတယ်။ ဝင်သွားတဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ဒီဥစ္စာကို ဆောက်ပေးဖို့ရှိပါတယ်။ အဲဒီတော့ စက်ခေါ်ကျေးလက်ကျန်းမာရေးဌာနခွဲ လက်ရှိအဆောက်အဦကတော့ စံကိုက်အဆောက်အဦဖြစ်ပြီးတော့ ကျေးလက်ကျန်းမာရေးအဆင့်တိုးမယ်ဆိုရင်တော့ အသစ်နည်းနည်း ပြန်ဆောက်ပေးရမှာဖြစ်ပါတယ်။ ဒီဟာဆောက်ပေးဖို့အတွက်ကိုလည်း ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးကလည်း ထောက်ခံပြီး ကျွန်တော်တို့ တင်ပြထားပါတယ်။ ဒါကို ဆောက်သင့်ပါတယ်လို့ ကျွန်တော်တို့ တင်ပြထားပါတယ်။ ဒီနေရာကို ကြည့်တဲ့အခါမှာ စက်ခေါ် ကျေးလက်ကျန်းမာရေး Sub- center သည် ညောင်ချောင်းအောက်မှာရှိပြီးတော့ သူ့ကို ကျွန်တော် သပ်သပ် ညောင်ချောင်းလိုဟာမျိုးပဲ ကျေးလက်ကျန်းမာရေးဌာနတစ်ခု လုပ်မယ်ဆိုရင် သူ့အောက်မှာ ရှိတဲ့ အရင် အောင်ဇေယျကို အသစ် ကျွန်တော်တို့ ဖွဲ့ပေးမယ်။ အသစ် Sub- center လုပ်ပေးမယ်။ နောက် ဒုပြင်ရှည်ကိုလည်း အဟောင်းရှိပါတယ်။ အသစ်က နောက်ထပ် (၂)ခု ထည့်ပေးပါမယ်။ တောင်မော်အသစ်၊ သိမ်တောင်အသစ် အသစ်(၃)ခုနှင့် အဟောင်းတစ်ခု Sub- center (၄)ခု ဆိုလိုတာက အဲဒီမှာ Sub- center (၄)ခုဖွဲ့မယ်ဆိုရင်တော့ သားဖွားဆရာမ(၄)ဦးနဲ့ ကျန်းမာရေးကြီးကြပ်(၂)(၄)ဦး ကျွန်တော်တို့ ခန့်ပေးမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ခြုံငုံပြောရမယ်ဆိုလို့ရှိရင်တော့ စက်ခေါ်ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာန ကျွန်တော်တို့ အသစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာထည့်ပြီးတော့ အမျိုးသားကျန်းမာရေးစီမံကိန်းနဲ့ ညှိနှိုင်းပြီးတော့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဖွံ့ဖြိုးရေးပုံစံစစ်ရေးအဖွဲ့ကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကိုလည်းကောင်း သဘောထားမှတ်ချက် တောင်းခံပြီးတော့ ပြန်ကြားချက်ရမယ်ဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ဆက်လက်တင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘာမေးမှာလဲ။ ဖြေတာကတော့ ရှင်းနေတာပဲ။ မရှင်းတာရှိရင်လည်းမေး။ လိုရင်းမေး။ မေးမေး လိုရင်းမေး။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ခုန ဝန်ကြီးပြောတဲ့ ကျွန်တော်တို့ ဖလမ်းမှာ ရေကူးကန်ရှိတယ်ဆိုတာ မရှိတော့ပါဘူး။ စာရင်းမှာတော့

ရှိရင်ရှိမယ်။ ပျက်စီးသွားပါပြီ။ ပြိုသွားပါပြီ။ အဲဒီတော့ ဟားခါးမှာ ရှိတယ်ဆိုတဲ့ဟာလည်း ပြိုသွားပါပြီ။ အဲဒါကြောင့် ကျွန်တော်မေးချင်တာက စာရင်းမှာရှိတဲ့ဟာကလည်း လက်တွေ့မှာမရှိဘူးဆိုတော့ အခု ကျွန်တော် မေးတဲ့ဟာပေါ့။ ဒီလောက် ဘီလီယံအများကြီး ကုန်တဲ့ဟာ မဟုတ်ရင်တောင်မှ ခုန မြို့နယ် အဆင့်လောက်လေးတွေပေါ့။ ပြီးတော့ ခုနပျက်စီးသွားတဲ့ဟာလောက်ပေါ့။ အဲဒီ ရေကူးကန်လေး ပြန်လည်တည်ဆောက်ပေးနိုင်မလားလို့ ပြီးတော့ အခုဝန်ကြီးပြောတဲ့ ရေလဲစနစ် အဲဒီမှာလည်း ဖလမ်းမှာ သမ္မတ ------------

**ဥက္ကဋ္ဌ**။ ။ ရှင်းပုံလည်း လိုရင်းကိုမေး။ ကျွန်တော်ပြောတာ။ တိုတိုပြောလို့။ ခင်ဗျား တစ်ခုလုံးပြန်ဖြည့်နေသေးတယ်။ Sport Complex ခင်ဗျား တောင်းထားတာ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဝန်ကြီးအဖြေထဲမှာ ပြန်မေးတာပါ ဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ**။ ။ အဲဒါ လိုရင်းမေး။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဟုတ်ကဲ့ပါ။ ဟုတ်ကဲ့။ ဆိုတော့ အခု ကျွန်တော် သမ္မတကြီး သီးသန့်ရန်ပုံငွေနဲ့ ရေလဲရပြီးပါပြီဆိုတော့ ရေလဲစနစ်လည်း ခုန ဝန်ကြီးပြောတဲ့ဟာပေါ့နော်။ အပိုမပြောပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြေတဲ့အပေါ်မှာ မရှင်းလင်းတဲ့ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ Right အနေဖြင့် ပြန်မေးတာပါ။ သည်းခံပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ရေလဲစနစ်လည်း သမ္မတ သီးသန့် ရန်ပုံငွေနဲ့ပေးတဲ့ ရေနဲ့ရတော့မှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ ရေကူးကန်ကို ပြန်လည်ပြီးတော့ တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ ထပ်ဆင့်ပြီးတော့ မေးမြန်းအပ်ပါတယ်။

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ တည်ဆောက်ပေးဖို့ဆိုတာ ကျွန်တော်တို့ ဘတ်ဂျက်အခြေအနေကိုကြည့်ပြီး လုပ်ပေးပါမယ်။ ခုန ပြောတဲ့ Automatic ရေလဲစနစ် မရှိတာ ရှိတယ်ဆိုရင်တော့ အရမ်းပိုက်ဆံကုန်ပါတယ်။ Automatic ရေလဲစနစ် ရေကူးပြီးရင် တစ်ရက်ကြာရင် အသစ်ထည့်၊ အသစ်ကွင်းဆိုလို့ရှိရင် သက်သာပါမယ်။ အဲဒီတော့ ကျွန်တော် ကြည့်ပေးပါမယ်။ ပြင်ဆင်လို့ရရင်တော့ ကျွန်တော်တို့ ပြင်ဆင်ပေးပါမယ်။ အမြန်ဆုံးပါပဲ။ ချက်ချင်းကြီး ရေကူးကန် ရေကူးလို့ရမှာဖြစ်ပါတယ်။ အသစ်ဆောက်မယ်ဆိုရင်တော့ အချိန်ကြာမှာပါ။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာပဲ ကျွန်တော်တို့ ထည့်လို့ရပါမယ်။ ၂၀၁၈-၂၀၁၉ ကတော့ အားလုံးပြည့်သွားပြီဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးသိန်းလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁ /၂၀၁၈ - ၅၀၀

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ် လ ၃၁ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ၁၈-၆-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဦးဒွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)တို့က ၈-၈-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် ၉-၈-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် အခြေခံ၍ ပိုမို

ပြည့်စုံမှုရှိစေရန်နှင့် အရေးအသားဆီလျော် ညီညွတ်မှုရှိစေရန်အတွက် ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်နဲ့ ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက် -

မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ ။)

၁၃၈၀ ပြည့်နှစ် လ ရက် (၂၀၁၈ခုနှစ် လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီက -

အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၁(က)၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂(ဂ)(င)(စ)၊ အပိုဒ် ၃(က)(ခ)(ဂ)အပိုဒ်ခွဲငယ်(၁)မှ(၅)အထိ၊ အပိုဒ် ၃(ဃ)မှ(မ)အထိ၊ အပိုဒ် ၄(က)မှ(စ)အထိ၊ အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆ တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဤပြင်ဆင်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၁(က)၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂(ဂ)(င)(စ)၊ အပိုဒ် ၃(က)(ခ)(ဂ)အပိုဒ်ခွဲငယ်(၁)မှ(၅)အထိ၊ အပိုဒ် ၃(ဃ)မှ (မ)အထိ၊ အပိုဒ် ၄(က)မှ (စ)အထိ၊ အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီက -

အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉ (ခ)မှ(ည)အထိ၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆ (က)(ဂ)တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဤပြင်ဆင်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉ (ခ)မှ(ည)အထိ၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆ (က)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီက -

အခန်း(၅) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇(က)(ခ)၊ အပိုဒ် ၁၇(ဂ)ခြေဆင်း၊ အပိုဒ် ၁၇(ဂ)အပိုဒ်ခွဲငယ်(၁)(၄)၊ အပိုဒ် ၁၇(ဃ)(င)၊ အပိုဒ် ၁၈(က)ခြေဆင်း၊ အပိုဒ် ၁၈(က)အပိုဒ်ခွဲငယ် (၃)၊ အပိုဒ် ၁၈(ခ)(ဂ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဤပြင်ဆင်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇(က)(ခ)၊ အပိုဒ် ၁၇(ဂ)ခြေဆင်း၊ အပိုဒ် ၁၇(ဂ)အပိုဒ်ခွဲငယ်(၁)(၄)၊ အပိုဒ် ၁၇(ဃ)(င)၊ အပိုဒ် ၁၈(က)ခြေဆင်း၊ အပိုဒ် ၁၈(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၁၈(ခ)(ဂ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီက -

အပိုဒ်၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃(က)ခြေဆင်း အပိုဒ် ၂၃(က) အပိုဒ်ခွဲငယ် (၁)(၂)(၅)၊ အပိုဒ် ၂၃(ခ)(ဂ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဤ ပြင်ဆင်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂၁၊ အပိုဒ်၂၂၊ အပိုဒ်၂၃ ခြေဆင်း၊ အပိုဒ် ၂၃(က)ခြေဆင်း၊ အပိုဒ် ၂၃(က) အပိုဒ်ခွဲငယ် (၁)(၂)(၅)၊ အပိုဒ် ၂၃(ခ)(ဂ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီက-

အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ် ၃၄(က) အပိုဒ်ခွဲငယ်(၁)(၂)(၃)(၅)(၆)၊ အပိုဒ် ၃၄(ခ)မှ(င)အထိ၊ အပိုဒ် ၃၅၊ အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဤ ပြင်ဆင်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ် ၃၄(က) အပိုဒ်ခွဲငယ်(၁)(၂)(၃)(၅)(၆)၊ အပိုဒ် ၃၄ (ခ)မှ (င)အထိ၊ အပိုဒ် ၃၅၊ အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီက -

အခန်း(၉) အခန်းခေါင်းစဉ်၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၁(က) အပိုဒ်ခွဲငယ်(၁)(၂)(၃)၊ အပိုဒ် ၅၁(ခ)(ဂ)၊ အပိုဒ် ၅၂ ခြေဆင်း၊ အပိုဒ် ၅၂(ခ)၊ အပိုဒ် ၅၃၊ အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၄ ခြေဆင်း၊ အပိုဒ် ၅၅ ခြေဆင်း၊ အပိုဒ် ၅၅(ခ)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဤ ပြင်ဆင်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉) အခန်းခေါင်းစဉ်၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၁(က) အပိုဒ်ခွဲငယ် (၁)(၂)(၃)၊ အပိုဒ် ၅၁(ခ)(ဂ)၊ အပိုဒ် ၅၂ ခြေဆင်း၊ အပိုဒ် ၅၂(ခ)၊ အပိုဒ် ၅၃၊ အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၄ ခြေဆင်း၊ အပိုဒ် ၅၅ ခြေဆင်း၊ အပိုဒ် ၅၅(ခ)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီက -

အခန်း(၁၂) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၉ ခြေဆင်း၊ အပိုဒ် ၅၉(က)(ဆ)(ဇ)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁(က)(ခ)၊ အပိုဒ် ၇၂ တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဤ ပြင်ဆင်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၉ ခြေဆင်း၊ အပိုဒ် ၅၉(က)(ဆ)(ဇ)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁(က)(ခ)၊ အပိုဒ် ၇၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင် -

အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၂(ဃ) ခြေဆင်း၊ အပိုဒ် ၂(ခ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ဃ)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇(က)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၁၉(က)(ဃ)(င)(စ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၁(ဃ)၊ အပိုဒ် ၂၂(က) အပိုဒ်ခွဲငယ်(၃)(၄)(၅)၊ အပိုဒ် ၂၂(ခ)(ဂ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄(က) ခြေဆင်း၊ အပိုဒ် ၂၄(က) အပိုဒ်ခွဲငယ်(၁)(၆)၊ အပိုဒ် ၂၄(ခ)ခြေဆင်း၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၅(ဂ)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇(ခ) အပိုဒ်ခွဲငယ် (၆)(၇)၊ အပိုဒ် ၃၇(ဂ)ခြေဆင်း၊ အပိုဒ် ၃၇(ဂ)

အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၃၈(ခ)၊ အပိုဒ် ၄၄ ခြေဆင်း၊ အပိုဒ် ၅၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်-

အမျိုးသားလွှတ်တော်က ယခုပြင်ဆင်ချက်ဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ဥပဒေကြမ်း၏ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာ ကော်မတီ) က ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာကော်မတီ) က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဦးဘမျိုးသိန်း (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် တောင်သူ

လယ်သမားရေးရာကော်မတီ၊ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း၊ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံ အတည်ပြုပေး နိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါတယ်။ တောင်သူလယ်သမားရေးရာကော်မတီ၊ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း က ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ အတည်ပြုရန် အဆိုတင် သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဦးအောင်မျိုးက လေးနက်စွာ ထောက်ခံအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါ တယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၁ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က တင်သွင်းသည့် ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း တင်သွင်းသည့် ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၁။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ၁၈၆၁ ခုနှစ်၊ မေလ ၁ ရက်နေ့က အတည်ပြု ပြဋ္ဌာန်းကျင့်သုံးခဲ့တဲ့ The Penal Code ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ရဲ့ Punishment for rape မုဒိမ်းမှုမှာ ချမှတ်တဲ့ပြစ်ဒဏ်ပိုင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ဦးအောင်သိန်း က ရာဇသတ်ကြီး The Penal Code မှာပယ်ဖျက်ထားတဲ့ ပုဒ်မ ၁၅ နဲ့ ပုဒ်မ ၁၆ တို့ကို အစားထိုးပါတယ်။

ဒါပေမဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက Section 15. Imprisonment for life means imprisonment passed on a convicted person to serve in the prison until death. လို့ အစားထိုးထားပါတယ်။ ဒါ့အပြင် ရာဇသတ်ကြီးပုဒ်မ ၅၃ ဒုတိယအပိုဒ်ကိုလည်း Section 15. Secondly- Imprisonment for life. လို့ အစားထိုးမှုအပေါ် ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၅ ခုနှစ် မသန်စွမ်းသူများရဲ့အခွင့်အရေး ဥပဒေ ပုဒ်မ ၂(က) မသန်စွမ်းသူဆိုသည်မှာ မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခုခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်။ ပုဒ်မခွဲ(ခ) မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထား အမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လှုပ်ရှားနိုင်မှုမရှိခြင်းကို ဆိုသည်။ (ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးဆိုသည်မှာ ဤဥပဒေ၌ ပါရှိသော မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို ဆိုသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီလို ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားတဲ့အပြင် ကျွန်တော်တို့ i school Myanmar စစ်တမ်းအရ မုဒိမ်းမှု ကျူးလွန်ခြင်းခံရတဲ့ မသန်စွမ်း အမျိုးသမီးများဟာ ဉာဏ်ရည်မသန်စွမ်း၊ ပိုလီယိုရောဂါရှင်၊ စကားကောင်းစွာမပြောတတ်၊ စာမတတ်တဲ့သူ၊ အကြားအာရုံ မသန်စွမ်းသူများ၊ သူငယ်နာ၊ အကြောတင်း၊ လမ်းမလျှောက်နိုင်သူများ၊ ကိုယ်အင်္ဂါချို့တဲ့သူများ စသဖြင့် မသန်စွမ်းသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒီတော့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ မသန်စွမ်းသူများအပေါ် ပြစ်မှုကျူးလွန်ခဲ့သည်ဆိုပါက မသန်စွမ်းမှုအခြေအနေ၊ မသန်စွမ်းသူတို့ရဲ့ အခွင့်အရေး၊ မသန်စွမ်းသူများ၏ ရပိုင်ခွင့်များကိုပါ ပြည့်စုံစွာ ထည့်သွင်းသုံးသပ် ထိရောက်ဟန့်တားသောပြစ်ဒဏ် ချမှတ်ပေးသင့်ပါသဖြင့် မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ကြောင်း တင်ပြချက်ကိုလည်း ကျွန်တော့်အနေနဲ့ သဘောတူလက်ခံပါတယ်။ ဒါပေမဲ့ ရာဇသတ်ကြီးပုဒ်မ ၃၇၆၊ ပုဒ်မခွဲ(၃)ကိုတော့ ပြင်ဆင်ဖို့ အကြံပြုလိုပါတယ်။ Section 376 sub-section (3) Whoever commits rape against a girl who is under ten years of age shall be punished with imprisonment for life. အဲဒီလို ကျွန်တော် ပြင်ဆင်ဖို့ အကြံပြုလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ရည်ရွယ်ချက်နဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ မုဒိမ်းမှုများနဲ့ ပတ်သက်ပြီး (၁၆)နှစ်အောက် မုဒိမ်းမှုဟာ ၂၀၁၆ ခုနှစ်မှာ (၆၇၁)မှု၊ ၂၀၁၇ ခုနှစ်မှာ (၈၉၇)မှု၊ (၁၆)နှစ်အထက် မုဒိမ်းမှုဟာ ၂၀၁၆ ခုနှစ်မှာ (၄၂၉)မှု၊ ၂၀၁၇ ခုနှစ်မှာ (၅၀၀)မှု ဖြစ်ပွားခဲ့ပါတယ်။

နောက် တိုင်းဒေသကြီးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှာ အများဆုံးဖြစ်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ဒီအတွက် Sub-section(3)မှာ ထိရောက်တဲ့ပြစ်ဒဏ်ဖြစ်တဲ့ Imprisonment for life ထောင်ဒဏ်တစ်သက်ကို ချမှတ်သင့်ကြောင်းနဲ့ Imprisonment for ten to twenty years ကို ပယ်ဖျက်ပေးရန် အကြံပြုတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူမျိုးပေါင်း (၁၃၅)မျိုး ရှိပါတယ်။ နောက် ကိုးကွယ်တဲ့ဘာသာ၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုတို့ဟာ အမျိုးမျိုး ကွဲပြားလျက်ရှိပါတယ်။ ဒီလို အမျိုးမျိုးကွဲပြားမှုတို့နဲ့ လိုက်လျောညီထွေဖြစ်စေရန် conflict မဖြစ်စေရန်နဲ့ ဇီဝကမ္မဖြစ်စဉ်အရ မိန်းကလေးဟာ ယောကျ်ားလေးထက်စောပြီးတော့ အရွယ်ရောက်ပါတယ်။ သို့အတွက် Sub-section(3) ပါ twelve years အစား ten years ကို ပြင်ဆင်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၇။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း တင်သွင်းထားတဲ့ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါ။ ဒါကတော့ ဦးအောင်သိန်း တင်သွင်းထားတဲ့ ပြင်ဆင်လိုတဲ့ ဥပဒေဖြစ်ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် The punishment for rape whoever commits rape against a woman who is his own wife and is not under twelve years လို့ ဖော်ပြထားပါတယ်။ အဲဒီဟာကို ကျွန်မကနေပြီးတော့ Punishment for rape whoever commits rape against a woman who is his own wife and is not under sixteen years of age. (၁၆)နှစ်ကို ကျွန်မ ပြန်လည်ပြီးတော့ ပြင်ဆင်လိုကြောင်း တင်သွင်းလိုပါတယ်။ အဲဒီအတွက်ကို ကိုးကြောင်းဖော်ပြချက်များကို တင်ပြခွင့်ပြုပါ။ ဒါကတော့ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် မုဒိမ်းမှုများမှာ ကျူးလွန်ခံရတဲ့ အသက်အုပ်စုများ ဖြစ်ပါတယ်။ အခု လောလောဆယ် ကျွန်မတို့ရဲ့ မြန်မာနိုင်ငံ ဥပဒေအရ (၁၆)နှစ်အောက်က ကလေးသူငယ်ဖြစ်တဲ့အတွက်ကြောင့် ကလေးသူငယ်ရဲ့ မုဒိမ်းမှုဟာဆိုလို့ရှိရင် အနီရောင်နဲ့ ဖော်ပြထားတာဖြစ်ပါတယ်။

အဲဒါဆိုလို့ရှိရင် ၂၀၁၈ ခုနှစ်ကတော့ ကျွန်မတို့ မေလအထိပဲ Data ရတဲ့အတွက်ကြောင့် ဒါ (၅)လစာပဲ ဖော်ပြထားတာဖြစ်ပါတယ်။ အဲဒါကိုကြည့်ခြင်းအားဖြင့် သက်ငယ်မုဒိမ်းမှုပေါ့နော်။ သက်ငယ်မုဒိမ်းမှုတွေဟာ ကြောက်ခမန်းလိလိ တိုးတက်များပြားလာတယ်ဆိုတာကို တွေ့ရပါတယ်။ ဒါကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျူးလွန်တဲ့အမှုတွေ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး စသည်ဖြင့် အဲဒီတိုင်းဒေသကြီးတွေကတော့ အမြင့်ဆုံးဖြစ်ပါတယ်။ ဒါကတော့ ကျူးလွန်သူတွေ၊ ကျူးလွန်သူနဲ့ ဆွေမျိုးတော်စပ်ပုံ ဖြစ်ပါတယ်။ ဒါ ဖခင်အရင်းတွေလည်း ပါ ပါတယ်။ ပထွေး၊ နောက်ပြီးတော့ ဆွေမျိုးနဲ့အခြား စသည်ဖြင့် ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေ ၁၉၉၃ ခုနှစ်


ကလေးသူငယ် ဥပဒေဖြစ်ပါတယ်။ ကလေးဆိုတာကို အဲဒီမှာ ဖော်ပြထားတာ (၁၆)နှစ်နဲ့ (၁၆)နှစ်အောက် ဆိုပြီးတော့ ဖော်ပြထားတာဖြစ်ပါတယ်။

ဒါကတော့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ သက်ငယ်မုဒိမ်း ကျူးလွန်သူများအား အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခြင်းနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်မှာ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် မေးထားတဲ့မေးခွန်း ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဖြေကြားချက်ကတော့ ၉-၁-၂၀၁၇ ရက်နေ့မှာ စာအမှတ် (၁၂၁/၂-ပတခ-၆၃/၂၀၁၇)နဲ့ မြန်မာနိုင်ငံမှာရှိတဲ့ တရားရုံးအားလုံးကို ညွှန်ကြားချက်ပို့ပြီးဖြစ်ပါတယ်။ အဲဒီတော့ သက်ငယ်မုဒိမ်းမှုတွေအားလုံးဟာ ခရိုင်တရားရုံးများမှာ တရားစွဲတင်ပို့ရန် ဖြစ်ပါတယ်။ အမြင့်ဆုံးသော ပြစ်ဒဏ်ဖြစ်တဲ့ တစ်သက်တစ်ကျွန်းချမှတ်ရန် ဒါကတော့ တရားလွှတ်တော်ချုပ်ကနေပြီးတော့ ညွှန်ကြားချက် ချမှတ်ပြီးဖြစ်ပါတယ်။

ဒါဆိုလို့ရှိရင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ နောက်ပိုင်းမှာ ချမှတ်လိုက်တဲ့အမှုတွေ ဖြစ်ပါတယ်။ အဲဒါကိုလည်း ကျွန်မတို့ အမျိုးသမီးနဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီကနေ အမြဲတမ်းပဲ ကျွန်မတို့က Follow up လိုက်လံပြီးတော့ ဒီသတင်းတွေ စုဆောင်းထားတာဖြစ်ပါတယ်။ ဒီလိုမျိုး မီဒီယာကိုတက်လာတဲ့ အမှုတွေဟာဆိုလို့ရှိရင် တရားရုံးကနေပြီးတော့ ချမှတ်လိုက်တဲ့၊ မှန်ကန်စွာ ချမှတ်လိုက်တဲ့အမှုတွေ ဖြစ်ပါတယ်။ လက်တွေ့ တကယ်မြေပြင်မှာတော့ ရဲစခန်းမှာတိုင်လို့မရတဲ့အမှုတွေ၊ ကျေအေးလိုက်တဲ့အမှုတွေ၊ ဆေးစစ်ချက်လွဲမှားတဲ့အမှုတွေ၊ တရားခံလွတ်မြောက် ထွက်ပြေးသွားတဲ့ အမှုတွေ မြောက်များစွာရှိနေတာကို တွေ့ရပါတယ်။ အဲဒီ အမိန့်ချမှတ်ပြီးနောက်ပိုင်း လေးနက်တဲ့ ပြစ်ဒဏ်ချမှတ်ခြင်းမရှိတဲ့ သက်ငယ်မုဒိမ်းမှုတွေကို ကျွန်မတို့အမျိုးသမီးနဲ့ ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီကို တိုင်ကြားမှုရှိပါက လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်မတို့က မေးခွန်းတွေ မေးမြန်း လျက်ရှိပါတယ်။

သို့ပါသောကြောင့် သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများကို တိကျလေးနက်သော ပြစ်ဒဏ်များ ချမှတ်ပေးရန်၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိပါရန် ဖြစ်တဲ့အတွက်ကြောင့် အသက် ကို (၁၂)နှစ်မှ (၁၆)နှစ် ပြင်ဆင်လိုပါကြောင်း ဆွေးနွေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈(ဇန်နဝါရီ-မေ) ခုနှစ် မုဒိမ်းမှုများတွင်ကျူးလွန်ခံရသူများ၏ အသက်အုပ်စုများ ပြပုံ (သ)





တရားသူကြီး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ဖြေကြားချက် ပြပုံ (သ-၁)

တရားသူကြီး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှဖြေကြားချက်-

- ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ညွှန်ကြားချက် (၉-၁-၂၀၁၇)
- စာအမှတ်၊ ၁၂၁/၂-ပတခ-၆၃/၂၀၁၇
- မြန်မာနိုင်ငံရှိတရားရုံးအားလုံးအားညွှန်ကြားချက်ပို့ပြီး
- ခရိုင်တရားရုံးများတွင် တရားစွဲတင်ပို့ရန်
- အမြင့်ဆုံးသောပြစ်ဒဏ်ဖြစ်သောတစ်သက်တစ်ကျွန်း ချမှတ်ရန်

7 DAY DAILY သတင်းစာ ပြပုံ (သ-၂)



**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ဥပဒေစိုးမိုးတဲ့နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးစားနိုင်ကြပါ စေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာက ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း တင်သွင်းထားတဲ့ ၂၀၁၈ ခုနှစ်၊ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ ထောက်ခံ ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ်က တစ်ကြိမ်၊ ၁၉၇၄ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၈ ခုနှစ်က တစ်ကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ပါလီမန်ဒီမိုကရေစီစနစ်ကို ပေါ်ပေါက်ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုတဲ့ တစ်ပါတီစနစ်ကို ပေါ်ပေါက်ခဲ့ ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရား စီရင်ရေးမဏ္ဍိုင်တို့ကို ပေါ်ပေါက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ မဏ္ဍိုင်ကြီး(၃)ခုထဲကနေမှ ဥပဒေပြုရေး မဏ္ဍိုင်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကနေပြီးတော့မှ ဥပဒေတွေ၊ နည်းဥပဒေတွေကို ရေးဆွဲ၊ ပြင်ဆင်၊ ဖြည့်စွက် ပြဋ္ဌာန်းကြရပါတယ်။ အဲဒီလိုပြဋ္ဌာန်းတဲ့နေရာမှာ ပြည်သူတစ်ရပ်လုံးအတွက် အကူအညီ၊ အကာအကွယ်၊ လိုအပ်ချက်ဖြစ်စေဖို့အတွက် ဥပဒေပြုမဏ္ဍိုင်ဟာ ပြည်သူတစ်ရပ်လုံး အပေါ်မှာ တာဝန်ခံရပါတယ်။ အဲဒါကြောင့် အခုဆွေးနွေးမယ့် ၂၀၁၈ ခုနှစ်၊ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းဟာ နိုင်ငံတော်အတွက် လွန်စွာအရေးကြီးပါတယ်။ ဒီနေ့ ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်များအရ အကာအကွယ်ဖြစ်နိုင်ဖို့အတွက် အချိန်မီ ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဥပဒေ ပုဒ်မ ၁၅ မှာ Imprisonment for life means imprisonment passed on a convicted person to serve in the prison until death. ဒါတင်မကဘူး အပိုဒ် ၅၃ ဒုတိယအပိုဒ်မှာ Secondly Imprisonment for life. ဆိုပြီးတော့ အစားထိုးရာမှာ ပြဋ္ဌာန်းရန် တင်သွင်းချက်ဟာ အလွန်သင့်လျော်ပါတယ်။ Section (3)မှာ Whoever commits rape against a girl who is under twelve years of age shall be punished with imprisonment for a term of twenty years, or imprisonment for life. အသက် (၁၂)နှစ်အောက် မိန်းကလေးကို မုဒိမ်းကျင့်ရင် ထောင်ဒဏ်အနှစ်(၂၀)နဲ့ ဒါမှမဟုတ် ထောင်ထဲမှာ သေတဲ့အထိ အကျဉ်းချထားဖို့ ပြဋ္ဌာန်းချက်နဲ့

အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ကလေးမုဒိမ်းကျူးလွန်တဲ့ တရားခံအတွက် ထိရောက်တဲ့ ဒဏ်ခတ်မှု ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဆိုတာ တရားမျှတရမယ်။ သာနာညီမျှရမယ်။ ပြည်သူတစ်ရပ်လုံးအတွက် လက်ခံနိုင်ရမယ်။ အကာအကွယ်လည်းဖြစ်စေရမယ်ဆိုတဲ့ ဥပဒေသတွေနဲ့အညီ ဒီနေ့ ဒီကာလမှာ ပြည်သူများလိုလားနေကြတဲ့ ဥပဒေစိုးမိုးရေးအတွက် လိုအပ်နေတဲ့ ဥပဒေပြဋ္ဌာန်းချက်ဖြစ်လို့ ထောက်ခံအပ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကြီးဖြစ်တဲ့ ဥပဒေပြုမဏ္ဍိုင်ကြီးက ပြည်သူတွေကို အကာအကွယ်ဖြစ်စေမယ့် ပြဋ္ဌာန်းချက်တွေကို ပြဋ္ဌာန်းလိုက်မယ်ဆိုရင် ကျင့်သုံးကြရမယ့် နိုင်ငံရေးစည်းမျဉ်းအရ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့က ပူးပေါင်းပါဝင်ထိန်းညှိဖို့ အထူးလိုအပ်ပါတယ်။ အဲဒီလို ပါဝင်မှသာလျှင် တရားဥပဒေစိုးမိုးမှုဆိုတာ ဖြစ်လာပါလိမ့်မယ်။ ဥပဒေပြုမဏ္ဍိုင်ကြီးက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို အမှုတွဲတည်ဆောက်ကြတဲ့ တရားစွဲအဖွဲ့အစည်းတွေက အထူးသဖြင့် ရဲလုပ်ငန်းအဆင့်ဆင့်ဟာ ပြဋ္ဌာန်းတဲ့ ဥပဒေအပေါ်မှာ ပြဋ္ဌာန်းချက်များကို ရေရာသေချာအောင် အဂတိတရား ကင်းကင်းရှင်းရှင်းနဲ့ ဆောင်ရွက်ဖို့အရေးကြီးပါတယ်။ ဘာကိုရည်ရွယ် သလဲဆိုရင် ဥပဒေမှာပါဝင်တဲ့ A girl who is under twelve years of age ဆိုတဲ့ (၁၂)နှစ်အောက် မိန်းကလေးသာလျှင် အကျုံးဝင်ပါတယ်။ ကျူးလွန်ရင် ထောင်ဒဏ်(၂၀)နှစ် သို့မဟုတ် သေတဲ့အထိ ထောင်ကျတရားခံ ပြစ်ဒဏ်ကျခံရမှာဖြစ်လို့ အမှုတွဲ တည်ဆောက်တဲ့နေရာမှာ အဆိုပါ အသက်အပိုင်းအခြားအတွက် မှန်မှန်ကန်ကန် အဂတိတရားကင်းအောင်ဆောင်ရွက်ဖို့ များစွာ အရေးကြီးပါတယ်။ အမှုတွဲ တည်ဆောက်ကြတဲ့ ရဲအရာရှိများ၊ ဥပဒေအရာရှိများက ဘက်လိုက်ဆောင်ရွက်ခဲ့ရင် အသက်(၁၂)နှစ်အောက်က၊ အသက်(၁၂)နှစ်က တစ်ရက်ကျော်နေရင်တောင် ဥပဒေပြဋ္ဌာန်းချက်အရ အကျုံးမဝင်လို့ နစ်နာသူမိန်းကလေးအတွက်သာမက လိုလားနေကြတဲ့ ပြည်သူတစ်ရပ်လုံးအတွက်ပါ နစ်နာမှာဖြစ်လို့ တစ်နိုင်ငံလုံး ဆုံးရှုံးနစ်နာမှုမဖြစ်ရလေအောင် အုပ်ချုပ်ရေးမဏ္ဍိုင်က ထိန်းကျောင်းကြပ်မတ်ဖို့ လိုအပ်ပါမယ်။

ဘာကြောင့် ကျွန်တော် ပြောရသလဲဆိုရင် ...။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ဥပဒေကြမ်းကို ဘာပြင်ချင်တာလဲ။ ဥပဒေကြမ်း ဆွေးနွေးတာလေ။ သဘောတရားဖြစ်နေတယ်။ ဥပဒေကြမ်းကို ကျွန်တော် ဆိုလိုတာက ဘာကိုပြင်ချင်လဲ။ ထောက်ခံရင်လဲ ထောက်ခံပေါ့။ အဲဒီလိုပေါ့။

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ကျွန်တော် ဆိုလိုတာက ကျန်တဲ့မဏ္ဍိုင်ဖြစ်တဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြစ်ပါတယ်။ အဲဒီမဏ္ဍိုင်ဟာ ကျွန်တော် အထက်က ဆွေးနွေးခဲ့တဲ့ အမှုတွဲ တည်ဆောက်ကြတဲ့တာဝန်ရှိသူတွေက အဂတိတရား မကင်းခဲ့ဘူးဆိုရင်၊ မရိုးသားခဲ့ရင် ဥပဒေပြုမဏ္ဍိုင်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေပါ အနှစ်သာရများ ကင်းမဲ့သွားခဲ့ရင် တရားရေးမဏ္ဍိုင်က တရားခံကို ပြစ်ဒဏ်က လွှတ်ပေးတဲ့အထိ အမိန့်ချမှတ်နိုင်သလို ပြစ်ဒဏ်လည်းပဲ လျော့နည်းသွားနိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ တရားစီရင်ရေးမဏ္ဍိုင်ပေါ်မှာ အထင်လွဲမှားစရာဖြစ်ရင် ဖြစ်သွားနိုင်ပါတယ်။ ဒီအချက်က အထူးသတိထားရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ မဏ္ဍိုင်(၃)ရပ်ဟာ အချင်းချင်း ထိန်းညှိပေါင်းစပ်ပြီးတော့ ဥပဒေစိုးမိုးတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်သူအများ လုံခြုံ

ဘေးကင်းစွာနဲ့ သာယာတဲ့နိုင်ငံတော်ကြီး တည်ဆောက်တဲ့နေရာမှာ စာရိတ္တညှိုးဖျင်းတဲ့ ကလေးမုဒိမ်း တရားခံတို့ကို ဒီဥပဒေပြဋ္ဌာန်းချက်က အတည်ပြုပြီးတော့ ဖယ်ရှားကြဖို့တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း ဖြစ်ပါတယ်။ ရာဇသတ်ကြီးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေနဲ့ စပ်လျဉ်းပြီးတော့မှ ပြင်ဆင်ချက်များကို အကြံပြု တင်ပြသွားမှာဖြစ်ပါတယ်။ အကြံပြုတင်ပြတဲ့အခါမှာ ဥပဒေအသုံးအနှုန်းများကို အင်္ဂလိပ်ဘာသာဖြင့် တင်ပြခြင်းနှင့် Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

အဆိုပြု ဥပဒေကြမ်း အပိုဒ် ၃၊ ပထမစာပိုဒ်ခွဲမှာ Section 376(1) whoever, except in the cases provided for by Sub-section(2) and (3) commits rape… မှာ တင်ပြပါအတိုင်း ဥပဒေရေးထုံးနဲ့ ကိုက်ညီရန်အတွက် ပြင်ဆင်သင့်ပါတယ်။ အဆိုပြု ဥပဒေကြမ်း အပိုဒ် ၃၊ ဒုတိယစာပိုဒ်ခွဲမှာ Sub-section(2) whoever commits rape against a woman who is his own wife not under twelve years of age… ဟု တင်ပြပါအတိုင်း ဥပဒေရေးထုံးနဲ့ ကိုက်ညီစေရန်အတွက်လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ရှုပ်ထွေးမှုဖြစ်စေရန်လည်းကောင်း တင်ပြပါအတိုင်း ပြင်ဆင်သင့်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အကြံပြုချက်အတိုင်း ဥပဒေကြမ်းရဲ့ အပိုဒ် ၃၊ တတိယစာပိုဒ်ခွဲမှာ Sub-section(3) whoever commits rape against a girl who is under twelve years age. ဆိုပြီးတော့မှ မသန်စွမ်းသူများအပေါ် ပြစ်မှုကျူးလွန်ခဲ့ပါက မသန်စွမ်းဥပဒေတွေမှာ ထည့်သွင်းပြဋ္ဌာန်းရန် ပိုမိုသင့်တော်ပါသဖြင့် a woman who is a person with disabilities or.ဆိုတဲ့ စာသားကို ထည့်သွင်းရန်မသင့်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်တိုင်းဟာ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူ့အဖွဲ့အစည်းမှာ ပါဝင်ဆက်ဆံခွင့်ရရှိရေး ဒီအခွင့်အရေးတွေကို နိုင်ငံတော်ကနေပြီးတော့မှ အသိအမှတ်ပြုထားပါတယ်။ ထို့အပြင် ကလေးသူငယ်များရဲ့ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနဲ့ လုံခြုံမှုတွေကို နိုင်ငံတော်အစိုးရနဲ့ ကျွန်တော်တို့ မြန်မာလူ့အသိုင်းအဝန်းကနေပြီးတော့မှ စောင့်ရှောက်ပေးထားကြပါတယ်။ အသက်ငယ်ရွယ်တဲ့ မိန်းကလေးကို မုဒိမ်းပြုကျင့်တဲ့သူကြောင့် မိဘဆရာသမားများရဲ့ မျှော်လင့်ခဲ့တဲ့၊ လူ့အသိုင်းအဝန်းက စောင့်ရှောက်ခဲ့တဲ့ ကလေးသူငယ်များရဲ့ လှပတဲ့အနာဂတ်ဟာ ရိုက်ချိုးဖျက်ဆီးခံရပြီး အပြစ်မဲ့တဲ့ မိန်းကလေးတွေဟာ

စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ဂုဏ်သိက္ခာ ထိပါးခံရမှုတွေကို နုနယ်စဥ် ကတည်းကနေပြီးမှ ခံစားစေခဲ့ရပါတယ်။

ဒါကြောင့်မို့လည်း အဲဒီပုဒ်မမျိုးမှာ ရာဇသတ်ကြီး ပုဒ်မ ၁၀၀ တတိယပိုဒ်မှာ မကာကွယ်မခုခံလျှင် မုဒိမ်းပြုကျင့်ရန်အကြံနှင့် ကျူးလွန်တဲ့ လက်ရောက်မှုကို လူကို သေစေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်ရှိတယ် ဆိုပြီးတော့မှ ပြဋ္ဌာန်းထားရသော ကြီးလေးတဲ့ပြစ်မှုကြီး ဖြစ်ပါတယ်။ အသက်ငယ်ရွယ်တဲ့ မိန်းကလေးတွေကို မုဒိမ်းပြုကျင့်မှုဟာ လူမဆန်သောပြုလုပ်မှုဖြစ်ခြင်း၊ လူ့အသိုင်းအဝိုင်းကို ဆန့်ကျင်တဲ့ ပြစ်မှုကျူးလွန်ခြင်း၊ အသက်ငယ်ရွယ်တဲ့ မိန်းကလေးတွေကို ငယ်ရွယ်စဥ်ကတည်းက စိတ်အနာတရဖြစ်စေခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူကို ထိရောက်ဟန့်တားသော ပြစ်ဒဏ်ကို ချမှတ်သင့်ပါတယ်။

လက်ရှိကျင့်သုံးလျက်ရှိတဲ့ ရာဇသတ်ကြီးပြဋ္ဌာန်းချက်အချို့မှာ သေဒဏ်ချမှတ်ချက်ဟာ အတည်ဖြစ်ဆဲဖြစ်ပြီး ၎င်းတို့နဲ့ ပုဒ်မ ၃၀၂(၁)(ဂ) ဤရာဇသတ်ကြီးအရ (၇)နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သည့် ပြစ်မှုကို ကျူးလွန်နေစဥ် လူသတ်မှုကို ကျူးလွန်ရင် သေဒဏ်ချမှတ်နိုင်ကြောင်းနဲ့ ရာဇသတ်ကြီးပုဒ်မ ၃၀၅ မှာဆိုရင် ကလေးဖြစ်စေ၊ ရူးသွပ်သူဖြစ်စေ၊ မိမိကိုယ်ကို သတ်သည်ကို အားပေးကူညီမှု ကျူးလွန်ခဲ့ရင် သေဒဏ်ချမှတ်နိုင်တယ်ဆိုတာကို ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အသက်(၁၂)နှစ်အောက် မိန်းကလေးကို မုဒိမ်းပြုကျင့်မှုဟာ လူမဆန်တဲ့ ပြုလုပ်မှုဖြစ်ပြီး မြန်မာ့လူ့ယဥ်ကျေးမှု အသိုင်းအဝိုင်းမှ ဆန့်ကျင် အရုပ်ဆိုး အကျည်းတန်တဲ့ လုပ်ရပ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြစ်ဒဏ်ချမှတ်တဲ့အခါမှာ သေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ ထောင်ဒဏ်နှစ်(၂၀)အထိဖြစ်စေ ချမှတ်နိုင်သည်လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

ထို့အပြင် နိုင်ငံတကာမှာ သေဒဏ်ချမှတ်ခွင့်ဆက်လက်ကျင့်သုံးနေတဲ့နိုင်ငံ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း(၉၃)နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း လက်ရှိကျင့်သုံးလျက်ရှိတဲ့ ရာဇသတ်ကြီးမှာဖြစ်စေ၊ တည်ဆဲဥပဒေများမှာဖြစ်စေ သေဒဏ်ချမှတ်ချက်ဟာ အတည်ဖြစ်ဆဲဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခု ပြစ်ဒဏ်ချမှတ်ချက်မှာ သေဒဏ်ထည့်သွင်းချမှတ်ပါက တည်ဆဲဥပဒေများနဲ့ ဆန့်ကျင်မှုရှိမယ်မဟုတ်ပါဘူး။ နောင်မှာလည်း မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရမယ့် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များ အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များပေါ်ပေါက်လာပါကလည်း သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်နိုင်တဲ့အတွက်ကြောင့်မို့လို့ ငယ်ရွယ်တဲ့ မိန်းကလေးငယ်များကို မုဒိမ်းပြုကျင့်မှုအတွက် ထိရောက်ဟန့်တားသော ပြစ်ဒဏ်၊ သေဒဏ်ချမှတ်နိုင်ရန်အတွက် Sub-section (3) whoever commits rape against a girl who is under twelve years of age shall be punished with death or imprisonment for life or imprisonment for a term of twenty years လို့ တင်ပြပါအတိုင်း ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငယ်ရွယ်တဲ့ မိန်းကလေးငယ်များအား မိမိတို့ရဲ့ သမီးငယ်များရဲ့ ဘဝလုံခြုံမှုရရှိရေး၊ သာယာတဲ့ အနာဂတ်ဖော်ဆောင်နိုင်ရေးအတွက်လည်း ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်ရန် ငယ်ရွယ်သော မိန်းကလေး

ငယ်များ၊ မိမိတို့ရဲ့ သမီးငယ်များကို ငဲ့ညှာပြီး ဥပဒေနဲ့အညီ ထိရောက်စွာ ကာကွယ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၂။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

အထူး ပြစ်ဒဏ်ပြဋ္ဌာန်းချက်ဖြစ်တဲ့ ထောင်တစ်သက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ပြောရမယ်ဆိုရင် ပြဋ္ဌာန်းချက်မှာ Whoever commits rape against a girl who is under twelve years of age ဆိုတဲ့ အသက်အရွယ်ကို Who is under eight years of age လို့ ကျွန်တော်က ပြင်ဆင်သင့်တယ်လို့ ကျယ်ကျယ်ပြန့်ပြန့် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မုဒိမ်းမှုနဲ့ ပတ်သက်ပြီးတော့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ မှာ (၁၅)နှစ်အောက်မဟုတ်သော မိမိမယားကို ကာမဆက်ဆံခြင်းဟာလည်း မုဒိမ်းမှုမဟုတ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် (၁၅)နှစ်အောက်ဖြစ်ရင် သဘောတူတူ၊ မတူတူ မုဒိမ်းမှုမြောက်နေတယ်၊ မြောက်နေပြီးဖြစ်တယ်လို့ ပြဋ္ဌာန်းချက်ရှိပြီးဖြစ်ပါတယ်။ နောက်တစ်ခါ ပုဒ်မ ၃၇၆ မှာလည်း (၁၂)နှစ်အောက်မဟုတ်တဲ့ မိမိမယားကို အလိုမတူဘဲနဲ့ ကာမဆက်ဆံရင်လည်း မုဒိမ်းမှုဖြစ်ပြီးတော့ ထောင်(၂)နှစ်အထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားတာကိုလည်း ပဏာမတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အင်္ဂလိပ်တွေယူလာတဲ့ ရာဇသတ်ကြီးဥပဒေနဲ့ တရားစီရင်ရေးစနစ်၊ တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ကျင့်ထုံးတွေကို ကျင့်သုံးခဲ့တာ နှစ်ပေါင်း(၁၅၀)ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် တရားရုံးအသီးသီး၊ တရားရုံးအဆင့်ဆင့်က စီရင်ဆုံးဖြတ်ခဲ့တဲ့ မုဒိမ်းမှုပေါင်း သောင်းချီရှိခဲ့ပြီး မုဒိမ်းမှုမြောက်ရန် သတ်မှတ်ထားတဲ့ အင်္ဂါရပ်များ၊ မုဒိမ်းမှုစစ်ဆေးတဲ့ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များ၊ ကျင့်ထုံးဥပဒေများ၊ သက်သေခံဥပဒေများ၊ စီရင်ဆုံးဖြတ်မှုများရဲ့ အားနည်းချက်၊ ချို့ယွင်းချက်၊ လိုအပ်ချက်များနဲ့တကွ နိုင်ထက်စီးနင်း လုပ်ကြံစွပ်စွဲလို့ရတဲ့ အားသာချက်များကို သာမန်လူတွေထက် တရားစီရင်ရေးအတွေ့အကြုံရှိတဲ့ လူတွေ ရှေ့နေ ရှေ့ရပ် ဝါရင့်သူတွေ၊ ဥပဒေပညာရှင်တွေကနေ အတွေ့အကြုံအရ အတွင်းကျကျသိရှိပြီးဖြစ်ပါတယ်။ မုဒိမ်းမှုတွေမှာ အားကောင်းတဲ့ အထောက်အထားတစ်ခုဖြစ်တဲ့ ကျွန်တော်တို့ မျိုးဗီဇ DNA စစ်ဆေးမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၁၇ ခုနှစ်ကမှစတင်ပြီးတော့ လက်ခံသုံးစွဲဖို့အတွက် ဖြစ်လာခဲ့ခြင်းဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၇ ခုနှစ်မတိုင်မီ တရားရုံးများဟာ မျိုးဗီဇ ကျွန်တော်တို့ အထောက်အထား မရှိဘဲနဲ့ ဘယ်လိုများ မုဒိမ်းမှုတွေကို ခက်ခက်ခဲခဲ စီရင်ဆုံးဖြတ်ခဲ့ရသလဲဆိုတာ ခန့်မှန်းလို့ရနိုင်

ပါတယ်။ သက်သေခိုင်လုံပြီး ရှင်းလင်းတဲ့ အမှုမျိုးရှိသလို ကျွန်တော်တို့ အခြေအနေအရ အမှုတွေက ရှုပ်ထွေးတာ၊ တမင်တကာလုပ်ကြံလို့ အမှုတွေက ရှုပ်ထွေးနေတဲ့၊ ဝေခွဲရခက်တဲ့အမှုမျိုးတွေလည်း အများကြီးရှိပါတယ်။ မုဒိမ်းမှု၊ ကာယိန္ဒြေဖျက်ဆီးမှုတို့ဆိုတာ စွပ်စွဲတဲ့လူဘက်က လွယ်လွယ် စွပ်စွဲနိုင်ကြပေမယ့် ဖြေရှင်းတဲ့ဘက်ကကျတော့ ဖြေရှင်းရတာ အလွန်ခက်ခဲတယ်လို့ တရားရုံး လမ်းညွှန်စီရင်ထုံး ဆုံးဖြတ်ချက်များမှာ သုံးသပ်ထုံးဖွဲ့ထားတာတွေ အများကြီးရှိပါတယ်။ လုပ်ကြံစွပ်စွဲနေမှန်း သိပါလျက်နဲ့ လုပ်ကြံတာပါလို့ သက်သေမပြနိုင်ရင် တရားရုံးက လုပ်ကြံမှုလို့ လုံးဝလက်မခံပါဘူး။ သက်သေခံဥပဒေအရ Burden Of Proof ဟာ သက်သေပြရန် တာဝန်ဟာ တင်ပြလိုသူအပေါ်မှာသာလျှင် အတိအလင်း တာဝန်သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဒီလို တရားရုံးတွေက ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ အညီအညွတ်ဖြစ်အောင် ခက်ခက်ခဲခဲ စီရင်ဆုံးဖြတ်ရတာဟာ အင်မတန်တာဝန်ကြီးလေးသလို ဒီလို ဥပဒေရဲ့ ဟာကွက်၊ လစ်ကွက်များ ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်ခွင့်အာဏာရှိတဲ့အတွက်လည်း အဂတိလိုက်စားမှုများ ဖြစ်တတ်ရခြင်းဖြစ်ပါတယ်။ ဆိုလိုချင်တာကတော့ ဒီလို အခြေအနေအရပ်ရပ်ကို ဥပဒေပြုသူတွေ သတိပြုစေလိုပါတယ်။ ဥပဒေ နားလည်တဲ့သူတွေ၊ အာဏာရှိတဲ့လူတွေ၊ ငွေရှိတဲ့လူတွေက ရိုးသားတဲ့၊ ရိုးအတဲ့လူတွေ၊ ဆင်းရဲတဲ့လူတွေ၊ အာဏာမရှိတဲ့လူတွေ------------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး။ ဥပဒေကြမ်းကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့ အဓိကထား ဆွေးနွေးပါ။ လိုရင်းကို ဆွေးနွေးပါ။

**ဦးဒွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ နော်၊ အဲဒီတော့ မဖြေရှင်းနိုင်ရင် အထိနာသွားတာ သတိပြုစေလိုပါတယ်။ ဒါကြောင့်မို့လို့ ပြင်းထန်တဲ့ ပြစ်ဒဏ်ပြဋ္ဌာန်းချက်များဟာ မသမာသူလူတွေကနေပြီးတော့ ရိုးအတဲ့ လူတွေအပေါ်မှာ အနိုင်ကျင့်နှိပ်စက်တဲ့ ကိရိယာတစ်ခု ဖြစ်မလာဖို့ သတိပြုပြဋ္ဌာန်းဖို့လိုတယ်လို့ တင်ပြရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဥပဒေဆိုတာ လူ့သဘာဝကိုဆန့်ကျင်ပြဋ္ဌာန်းလို့ မရပါဘူး။ ဒီနေ့ (၉)တန်း၊ (၁၀)တန်းကျောင်းသား၊ ကျောင်းသူ သမီးရည်းစားတွေ လွန်လွန်ကျူးကျူးဖြစ်နေကြသလို အရွယ်မရောက်ခင် စိတ်ကစားတတ်နေကြတာလည်း တွေ့နေရပါတယ်။ ကျွန်တော်တို့ ကောသလမင်းကြီး အိမ်မက်(၁၆)ချက်ထဲမှာလည်း ဒန့်ကွဲ့ပင် ပုခက်ဆင်ဆိုတာရှိပါတယ်။ ဒါတွေဟာ လုံးဝမလိုလားအပ်ဘူး။ ဘယ်မိဘကမှ လက်မခံနိုင်ပါဘူး။ ဒီလိုဖြစ်နေတဲ့ သဘာဝတရားကို ဘာသာရေးနည်း၊ အသိပညာနည်းတွေနဲ့ပဲ ဟန့်တားရမှာ ဖြစ်ပါတယ်။ ဥပဒေတွေကို ပြင်းပြင်းထန်ထန် ပြဋ္ဌာန်းလိုက်ရင် ကလေးတွေ ဒုက္ခရောက်နိုင်တာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ မုဒိမ်းမှုဆိုတာ လူလူချင်း နိုင့်ထက်စီးနင်းပြုရုံမက လိင်ပိုင်းဆိုင်ရာ စော်ကားတာဖြစ်လို့ ဒီလို တိရစ္ဆာန်သာသာ ရိုင်းစိုင်းတဲ့ ပြစ်မှုပြုလုပ်မှုကို ကျူးလွန်တာသေချာရင် သေဒဏ်ထိ အပြစ်ပေးသင့်ပေမယ့်လည်း လူမမြင်တဲ့နေရာမျိုးမှာ ကျူးလွန်တတ်တဲ့ ပြစ်မှုမျိုးဖြစ်တဲ့အတွက် သက်သေခိုင်လုံဖို့ များစွာခက်ခဲပါတယ်။ ဒီလိုဖြစ်တတ်တဲ့ သဘာဝကို အခွင့်ကောင်းယူပြီးတော့ သက်သေမပြနိုင်တာ ဒီလိုအကြောင်းတွေကြောင့် ပါဆိုပြီးတော့ လွယ်လွယ်စွပ်စွဲနိုင်ကြသလို ပြစ်မှုကျူးလွန်တဲ့လူတွေကလည်း သက်သေမခိုင်လုံလို့ လွတ်သွားတတ်တဲ့ အနေအထားမျိုးတွေကိုလည်း ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ သတိပြုဖို့လိုပါတယ်။

နောက်တစ်ချက်က မိန်းမတို့ရဲ့ ဇီဝကာမဗေဒ Physiology သဘောအရ အသက်(၈)နှစ် အရွယ်မှစတင်ပြီး ကလေးဘဝ စတင်ပြောင်းလဲတတ်တယ်ဆိုတာ လေ့လာသိရှိရပါတယ်။ အချို့ ဘာသာဝင်များဟာ (၁၀)နှစ်သမီးလောက်နဲ့ အိမ်ထောင်ချပြီး ကိုယ်ဝန်ဆောင်တတ်ကြတာလည်း ရှိပါတယ်။ ဒါကြောင့် မုဒိမ်းမှုရဲ့ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်တဲ့ ထောင်ဒဏ်တစ်သက်ကို အခုလို (၁၂)နှစ် အောက်ကျူးလွန်ရင်လို့ ပြဋ္ဌာန်းမယ့်အစား အသက်(၁၂)နှစ်အောက်ထက် ပိုမိုပြီးတော့ နစ်နာနိုင်တဲ့ အရွယ်လုံးဝမရောက်သေးတဲ့ (၈)နှစ်အောက်လို့ ပြဋ္ဌာန်းရင် ပိုမိုသင့်တော်မယ်လို့ ယူဆပါတယ်။ ပုဒ်မခွဲ(၂)မှာလည်း (၁၂)နှစ်အောက် မိမိမယားကို အလိုမတူဘဲ ဆက်ဆံရင်ဆိုတဲ့ ပြဋ္ဌာန်းချက်လည်း ရှိနေတဲ့အတွက် အဲဒီလိုဆိုလည်း ထောင်ဒဏ်အနှစ်(၂၀) ချနိုင်တာဖြစ်တဲ့အတွက် လုံလောက်တဲ့ ပြဋ္ဌာန်းချက်တွေ ရှိတယ်ဆိုတာ ပေါ်ပေါက်နေပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ (၈)နှစ်အောက်လို့--------

**အချိန်၊ ၁၁:၅၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၈။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ။ ကျွန်တော် အခုပြင်ဆင်မှာ ကတော့ Penal Code လည်း ကျွန်တော်တို့ Section(376)ကို ကျွန်တော် ပြင်ဆင်ဆွေးနွေးမှာ ဖြစ်တဲ့ အတွက် Power Point သုံးစွဲဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ဒါက ကျွန်တော် Section (376)ရဲ့ Sub-section(3)ကို ကျွန်တော်ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ Sub-section(3) မှာက အဆိုပြု ပြဋ္ဌာန်း ထားတာက အစိမ်းရောင်နဲ့ပြထားတဲ့ disabilities ဟာကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပြီး တော့ မသန်စွမ်းဥပဒေမှာသာ ပြစ်ဒဏ်တိုးမြှင့်ပြဋ္ဌာန်းသင့်တယ်လို့ ပြဋ္ဌာန်းထားတာ ကျွန်တော့် အနေနဲ့ကတော့ disabilities ကို ကျွန်တော် Disable ဆိုပြီးတော့ မသန်စွမ်းကို မသန်မစွမ်းလို့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ မသန်စွမ်းတွေကို မုဒိမ်းမှုကျူးလွန်ရင် ကြီးလေးတဲ့ပြစ်ဒဏ် ချမှတ်နိုင်ရန်အတွက် ကျွန်တော် ဒါကို ပြန်ထည့်ထားခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော် ဒီမှာ ပြင်ဆင်ထားတာကတော့ Imprisonment တွေကို Increase လုပ်ရမယ်၊ ထောင်ဒဏ်ကို ကျွန်တော်တို့ အလုပ်ကြမ်းနဲ့ ချမှတ်ရမယ်ဆိုတဲ့အတွက် Increase ကို ကျွန်တော် ပြန်ထည့်ထားတာဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော် ဒီမှာ ပယ်ဖျက်ထားတာ တစ်ခုရှိပါတယ်။ A Girl ဆိုတဲ့ မိန်းကလေးဆိုတဲ့ စကားရပ် ပယ်ဖျက်ထားတာရှိပါတယ်။ ဒါက ကျွန်တော်တို့က Penal Code ရဲ့ Chapter (2)မှာ General Explanations မှာ Section (10) မှာက The word denotes a female human being of any age. လို့ဆိုထားတဲ့အတွက်ကြောင့် အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မိန်းကလေးတွေကို woman လို့ပဲ သုံးပါတဲ့။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ A Girl ဆိုတဲ့ စကားရပ်ကို ကျွန်တော်က ပယ်ဖျက်ခြင်း ဖြစ်ပါတယ်။

ဒါက ကျွန်တော်တို့ ရာဇသတ်ကြီးပုဒ်မ ကျွန်တော်တို့ ၅၃ ကို ဒါ Imprisonment for Life ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် အနီရောင်နဲ့ ပြထားတဲ့ ကော်မာကိုပဲ ပယ်ဖျက်ထားတာဖြစ်ပါတယ်။ ကျွန်တော် သဘောတူပါတယ်။ Imprisonment ကို ကော်မာ ပိုနေလို့ ပယ်ဖျက်ထားတာ ဒါက ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက Section (53)ကို ပြင်ဆင်ထားတဲ့နေရာမှာ Chapter(2)က Punishment အပြစ်ဒဏ်တွေကို အစားထိုးပြင်ဆင်ရာမှာ မူလဥပဒေမှာ ဒုတိယပြစ်ဒဏ်ဖြစ်တဲ့ Transportation ကို အခု ဒီ ပြန်ပြင်ထားတာက Imprisonment for Life ဆိုပြီးတော့ ပြင်ဆင်ထားတာ ထောင်တစ်သက် ဆိုပြီးတော့ အစားထိုးပြင်ဆင်ထားတယ်။ ဒီလို ပြင်ဆင်တဲ့နေရာမှာ ပုဒ်မ ၁၅ မှာ အဓိပ္ပာယ်ဖွင့်ဆိုထားတာ ထောင်ထဲမှာ သေသည်အထိနေရမယ် until Dead ဆိုပြီးတော့ ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်က ပယ်ဖျက်ချင်ပါတယ်။ Penal Code မှာ ပုဒ်မပေါင်း (၅၁၁)ခု ရှိနေရဲ့သားနဲ့ ဖော်ပြပါ ပုဒ်မတွေက ဒါ Transportation ပေးထားတဲ့ပုဒ်မတွေဖြစ်တယ်။ ဒီပုဒ်မတွေကို အခု အစားထည့် လိုက်တဲ့ ထောင်ထဲမှာ until Dead သေသည်အထိဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုရင် ဒါတွေကို Apply လုပ်ဖို့ အရမ်းပြဿနာရှိပါတယ်။ ဒါတွေကို Apply လုပ်ဖို့အတွက် ကိစ္စတစ်ခု ရှိလှပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဒါကို ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီမှာ အသစ်ဖြည့်စွက်ချက်(၂)ခု ကျွန်တော် ပြင်ဆင်ထားပါတယ်။ ဒါက Section (57) ကို ကျွန်တော် ပြန်ပြင်ဆင်ထားပါတယ်။ ကျွန်တော် ဒီပုဒ်မတွေကို Run ဖို့အတွက်ကို ကျွန်တော် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ In Calculating Factions of terms of punishment Transportation for life or Transportation Shall be reckoned as equivalent to imprisonment for twenty years. ဆိုပြီးတော့ ကျွန်တော်က ပြစ်ဒဏ် ပိုင်းခြား ရေတွက်တဲ့နေရာမှာ တစ်သက်တစ်ကျွန်းတို့ တစ်ကျွန်းဒဏ်တွေကို ထောင်ဒဏ်အနှစ်(၂၀)ထောင်ဒဏ် အသက်နဲ့အညီ ရေတွက်ရမယ်လို့ ကျွန်တော် ပုဒ်မ(57) ကို ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ပုဒ်မ(58) ကတော့ ပြင်ဆင်ထားတာ In every case in which a sentence of imprisonment for life with in the same manner as of sentenced to rigorous imprisonment.ဆိုပြီးတော့ ကျွန်တော် ထောင်ဒဏ် တစ်သက် ချမှတ်ခြင်းခံရသူကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ချမှတ်သကဲ့သို့ ထားရှိရမယ်လို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ပုဒ်မ ၃၇၆ ရဲ့ Sub-section(4)ကို အသစ် ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ Whoever commits rape agaist a woman who is under ten years of age shall punished with of death or imprisonment လို့ ဆိုပြီးတော့ ကျွန်တော်က အသက်(၁၀)နှစ်အောက် ကလေးသူငယ်တွေကို မုဒိမ်းပြုကျင့်ရင် သေဒဏ်ချမှတ်နိုင်တယ်၊ သို့တည်းမဟုတ် Imprisonment For Life ထောင်ဒဏ်တစ်သက် ချမှတ်နိုင်သည်လို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၂း၀၃ နာရီအချိန်တွင် ရပ်နားပါသည်။]